# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၀၄)


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပ

# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများအား မဲရုံများအလိုက် လိုက်လံကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၁၁

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကို အသုံးချပြီး နိုင်ငံ၏ အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂)ကို ယနေ့နံနက် ၆ နာရီမှ စတင်၍ သက်ဆိုင်ရာ မြို့နယ်များ၌ ကျင်းပပြုလုပ်ရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာ မဲရုံများအလိုက် မည်သည့်ဖိအား တစ်စုံတစ်ရာမျှ မပါရှိဘဲ မိမိတို့၏ လွတ်လပ်သည့် သဘောထားဆန္ဒများအလျောက်

*စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းစိန်မြို့နယ်ရှိ မဲရုံအမှတ်(၄) ၌ မဲဆန္ဒရှင်ပြည်သူများ တက်ကြွစွာ ပါဝင်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။

## လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum) အခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၁၁

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူငယ်များ၏ ပါဝင်မှုနှင့် စွမ်းရည်များမြှင့်တင်နိုင်မည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum) အခမ်းအနားကို (၁၃-၁-၂၀၂၆) ရက်နေ့မှ (၁၅-၁-၂၀၂၆)အထိ မြန်မာအပြည်ပြည်ဆိုင်ရာ

*စာမျက်နှာ ၅ ကော်လံ ၁* ❖

## သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၆) နှင့် (၁၇) တို့တွင် ဖော်ပြထားပါသည်။






နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲရုံများ၌ တက်ကြွစွာ လာရောက်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❑ *ရှေ့ဖုံးမှ*

တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် တစ်ခဲနက် ဆန္ဒမဲများပေးကြသည်။

ထိုကဲ့သို့ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမဲရုံများသို့သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုအားပေးရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် လှိုင်မြို့နယ်၊ အင်းစိန်မြို့နယ်၊ လသာမြို့နယ်တို့ရှိ သက်ဆိုင်ရာမဲရုံများအလိုက်တွင် မဲရုံမှတာဝန်ရှိသူများ၏ ကွန်ပျူတာစနစ်ဖြင့် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးပေးလျက်ရှိမှုနှင့် မဲဆန္ဒရှင်ပြည်သူများ၏ တက်ကြွစွာပါဝင် ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုပြီး မဲဆန္ဒရှင်ပြည်သူများအား ဆန္ဒမဲပေးမှုနှင့် ပတ်သက်၍ ကြုံတွေ့ရမှုများ၊ MEVM စက်ဖြင့် ဆန္ဒမဲပေးရာတွင် တွေ့ကြုံရမှုများ၊ မဲရုံဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများအား နှုတ်ဆက်ခဲ့သည်။

ထိုကဲ့သို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌကိုယ်တိုင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လိုက်လံ ကြည့်ရှုအားပေးခဲ့မှုအပေါ် လာရောက်



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်မြို့နယ်ရှိ မဲရုံအမှတ် (၃) ၌ တာဝန်ကျ မဲရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများကလည်း ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပြီး နိုင်ငံတော်ယာယီသမ္မတနှင့်အဖွဲ့ဝင်များအား ရင်းနှီးနွေးထွေးစွာ ပြန်လည်နှုတ်ဆက်ခဲ့ကြကြောင်းနှင့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရမှုခံစားချက် အတွေ့အကြုံများကို တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းစိန်မြို့နယ်ရှိ မဲရုံအမှတ်(၄) ၌ တက်ကြွစွာ ပါဝင်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ဖြည့်စွက်ဖတ်ရှုနိုင်ပါရန်

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိသည့် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကန်ကြီးထောင့်မြို့ရှိဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး"** သတင်းတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည့် အပိုဒ်၌ **"ကန်ကြီးထောင့်ဒေသခံများ၏ တင်ပြချက်များတွင်ပါဝင်သည့် ကန်ကြီးထောင့်မြို့နှင့် သာပေါင်းမြို့ဆက်သွယ်မည့် တံတားတစ်စင်း တည်ဆောက်ပေးနိုင်ပါရန်နှင့် ပတ်သက်၍ ဘေလီတံတားတစ်စင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ကန်ကြီးထောင့်မြို့နှင့် သာပေါင်းမြို့တို့တွင် ၂၅ ခုတင်ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအား အဆင့်မြှင့်တင်ပေးနိုင်ပါရန် တင်ပြမှုနှင့်ပတ်သက်၍ ခုတင်- ၅၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်းနှင့် ခုတင်-၅၀ နှင့်ညီမျှသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း"** ဟု ဖြည့်စွက်ဖတ်ရှုပေးနိုင်ပါရန်။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂)ကို မြို့နယ်ပေါင်း ၁၀၀ ၌ ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကို ယနေ့နံနက် ၆ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၁၀၀ အတွင်း သတ်မှတ်မဲရုံအသီးသီး၌ ကျင်းပပြုလုပ်ခဲ့သည်။

ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)ကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ယနေ့တွင် ဆက်လက်ပြုလုပ်ရာ ကချင်ပြည်နယ်တွင် မချမ်းဘော့မြို့နယ်၊ မိုးကောင်းမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်၊ ကယားပြည်နယ်တွင် ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်၊ ကရင်ပြည်နယ်တွင် ဖာပွန်မြို့နယ်နှင့် လှိုင်းဘွဲ မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကလေးဝ မြို့နယ်၊ မင်းကင်းမြို့နယ်၊ ဝန်းသိုမြို့နယ်၊ ကျွန်းလှ မြို့နယ်၊ မြင်းမူမြို့နယ်၊ ချောင်းဦးမြို့နယ်၊ ဘုတလင် မြို့နယ်၊ အရာတော်မြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်နှင့် ရေဦးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ရေဖြူမြို့နယ်၊ ကျွန်းစုမြို့နယ်နှင့် တနင်္သာရီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ဒိုက်ဦး မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ထန်းတပင်မြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဇီးကုန်းမြို့နယ်၊ ပေါင်းတည် မြို့နယ်၊ ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ပေါက်ခေါင်း မြို့နယ်၊ ပန်းတောင်းမြို့နယ်၊ မိုးညိုမြို့နယ်နှင့် မင်းလှ မြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် ဂန့်ဂေါမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ နတ်မောက်မြို့နယ်၊ မြို့သစ်မြို့နယ်၊ ငဖဲမြို့နယ်၊ စလင်းမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ ကံမ မြို့နယ်၊ မင်းတုန်းမြို့နယ်၊ မင်းလှမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် စဉ့်ကိုင်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တံတားဦးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ သာစည် မြို့နယ်၊ အမရပူရမြို့နယ်နှင့် မတ္တရာမြို့နယ်၊ မွန်ပြည်နယ်တွင် ဘီးလင်းမြို့နယ်၊ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရေးမြို့နယ်နှင့် ပေါင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဗဟန်းမြို့နယ်၊ ပန်းဘဲတန်း မြို့နယ်၊ လသာမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါပုံမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ လှိုင်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ထန်းတပင်မြို့နယ်၊ လှည်းကူးမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ကိုကိုးကျွန်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် အင်းစိန်မြို့နယ်၊ ရှမ်းပြည်နယ်တွင် ရွာငံမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ကလောမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းပျဉ်းမြို့နယ်၊ မိုင်းဖြတ် မြို့နယ်၊ ရပ်စောက်မြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းတုံမြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယန်းမြို့နယ်၊ မိုင်းပန် မြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းကိုင်မြို့နယ်နှင့် လဲချားမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကျောင်းကုန်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ပန်းတနော်မြို့နယ်၊ ဝါးခယ်မ မြို့နယ်နှင့် အိမ်မဲမြို့နယ် စုစုပေါင်း မြို့နယ်ပေါင်း ၁၀၀ ၌ ကျင်းပပြုလုပ်ကြပြီး အဆိုပါ မြို့နယ်များရှိ သတ်မှတ်မဲရုံအသီးသီး၌ ဒေသခံတိုင်းရင်းသားပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) အသုံးပြု၍ ဆန္ဒမဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲပေးခြင်းများကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဒေသခံတိုင်းရင်းသားပြည်သူများက သတ်မှတ်မဲရုံအသီးသီး၌ စနစ်တကျ ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားအရာရှိ စစ်သည်၊ မိသားစုများကလည်း သက်ဆိုင်ရာမဲရုံများသို့ သွားရောက်၍ စနစ်တကျ ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲလာရောက်ပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်၊ အေးချမ်းစွာနှင့် အဆင်ပြေချောမွေ့စွာဆန္ဒမဲပေးနိုင်ရေးအတွက် လိုအပ်သည့်မော်တော်ယာဉ်များ၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို မဲရုံအသီးသီး၌ ကြိုတင်ပြင်ဆင်ထားရှိကြပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

မဲပေးမှုပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ရှေ့မှောက်၌ မဲပေးစက် (Control Unit) မှ ရလဒ်များကို ထုတ်ယူကာ စနစ်တကျ ရေတွက်ခြင်းနှင့် ကြိုတင်မဲများကို စနစ်တကျ ရေတွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။



ကလောမြို့နယ်မှ မဲဆန္ဒရှင်တစ်ဦး



ဆင်ပေါင်ဝဲမြို့နယ်မှ မဲဆန္ဒရှင်တစ်ဦး



မိုင်းရယ်မြို့နယ်မှ မဲဆန္ဒရှင်တစ်ဦး

ထိုသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပမှုနှင့် ပတ်သက်၍ မဲရုံအသီးသီးတွင် လာရောက်မဲပေးကြသည့်မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်။

**ကလောမြို့နယ်မှ မဲဆန္ဒရှင်တစ်ဦး**

မဲပေးရတဲ့ အတွေ့အကြုံကတော့ အစောကြီးထပြီး မဲပေးဖို့ကို ပြင်ဆင်နေတာပါ။ ၂၀၂၀ ပြည့်နှစ်တုန်းကတော့ ကျွန်မက နယ်ဘက်မှာ မဲပေးခဲ့ရတာပါ။ အဲဒီအချိန်တုန်းက ကိုယ့်နာမည်ကို ရှာမတွေ့တာနဲ့၊ နာမည်က လွဲနေတာတို့ အခက်အခဲလေးတွေ တော်တော်လေး ရှိခဲ့ရပါတယ်။ အရင်တုန်းကတော့ စာရွက်ပေါ်မှာ ခြစ်ပြီး မဲပေးရတာဆိုတော့ မှားသွားမှာကိုကြောက်ပါတယ်။ မဲပေးရတဲ့ အကွက်ထဲကနေများ ထွက်သွားမလား။ ပယ်မဲများ ဖြစ်သွားမလားဆိုပြီး ရင်တုန်ရပါတယ်။ အခုကျတော့ ခလုတ်ကလေးပဲ နှိပ်ရတာဆိုတော့ ကိုယ်ပေးချင်တဲ့ ပါတီကို ရှာလိုက်ပြီး မီးခလုတ်လေး စိမ်းပြီဆိုရင် ခလုတ်လေးကို နှိပ်လိုက်တာနဲ့ ဟိုဘက်မှာ စာရွက်လေးက ထွက်လာတယ်။ ကိုယ်ပေးတဲ့ ပါတီ၊ အဖွဲ့အစည်းက မှန်ရဲ့လားဆိုတာကို တစ်ခါပြန်ပြီး စစ်လို့ရတယ်။ မှန်ပြီဆိုမှ စာရွက်လေးက ကျသွားတာဆိုတော့ ပယ်မဲလည်း မဖြစ်ဘူးပေါ့။ စိတ်အေးရပါတယ်။ မျှော်လင့်တာတွေကတော့ အများကြီးရှိပါတယ်။ ဒီရွေးကောက်ပွဲကနေပြီးတော့ ကျွန်မတို့အနေနဲ့ ပထမဦးဆုံး ကလေးတွေရဲ့ ပညာရေးပေါ့နော်။ အဓိကကတော့ လုံခြုံရေးပေါ့။ ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေရဲ့ လုံခြုံရေးပေါ့။ အဲဒီအတွက်ကို အများကြီး မျှော်လင့်ထားပါတယ်။ နောက်ပြီးတော့ ကျန်းမာရေးကဏ္ဍတွေလည်း အခုထက်ပိုပြီး ပြည့်စုံအောင်၊ ပိုမိုကောင်းမွန်စေဖို့ မျှော်လင့်ပါတယ်။ အထူးသဖြင့် နယ်ဘက်တွေဆိုရင် ပညာရေးဆိုလည်း မြို့ပေါ်က လူတွေနဲ့ မမီဘူးပေါ့။ အဲဒါလေးတွေကို တစ်ပြေးညီ တိုးတက်လာဖို့ မျှော်လင့်ပါတယ်။ ဘယ်အဖွဲ့အစည်းပဲ အစိုးရဖွဲ့စည်းနိုင်ပါစေ ဒီအချက်လေးတွေကို လုပ်ဆောင်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**ဆင်ပေါင်ဝဲမြို့နယ်မှ မဲဆန္ဒရှင်တစ်ဦး**

အခုလိုမျိုး မဲပေးစက်နဲ့ မဲပေးရတာက အများကြီး အဆင်ပြေပါတယ်။ အခုလိုမဲပေးရတဲ့အတွက်လည်း နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကို ကျေပွန်တယ်လို့ ခံစားရပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းနဲ့ ပတ်သက်လို့လည်း အများကြီးတိုးတက်လာမယ်လို့ မျှော်လင့်မိပါတယ်။

**မိုင်းရယ်မြို့နယ်မှ မဲဆန္ဒရှင်တစ်ဦး**

အရင်တုန်းကတော့ တစ်ခါမှ မဲမပေးဖူးပါဘူး။ ဒါပထမဆုံး မဲပေးဖူးတာပါ။ စိတ်လှုပ်ရှားပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနဲ့ ကိုယ့်ဒေသကို အကျိုးရှိအောင်လုပ်ပေးမယ်လို့ မျှော်လင့်ပါတယ်။ မဲရုံမှာကျတော့ လူကြီးရော၊ လူငယ်ရော အများကြီးပဲ တွေ့ရပါတယ်။ တက်တက်ကြွကြွနဲ့ မဲပေးကြတာကို တွေ့ရပါတယ်။

ယနေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုများကို ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများက မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးနေမှုများကို သွားရောက်လေ့လာစောင့်ကြည့်၍ သတင်းရယူခဲ့ကြကြောင်းနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၃) ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရွာငံမြို့နယ်



ဆီဆိုင်မြို့နယ်



မိုင်းရယ်မြို့နယ်

# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ

**မြစ်ကြီးနား ဇန်နဝါရီ ၁၁**

နိုင်ငံတော် သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ သာသနာ့ဝန်ဆောင် မြို့ဦးကျောင်းတိုက်ဆရာတော်အား သွားရောက်ဖူးမြော်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**အလှူငွေများပေးအပ်**

ထို့နောက် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)၌ မြစ်ကြီးနားမြို့ရှိ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ သိက္ခာတော်ရ ဆရာတော်များနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ယုံကြည်ကိုးကွယ်သည့် ဘာသာတရားပေါ်တွင် အခြေခံပြီးဖြစ်တည်လာသည့် ငြိမ်းချမ်းခြင်းတရားများကို ကိုယ်စီလက်ကိုင်ထားပြီး တည်ငြိမ်အေးချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးပေါ်ပေါက်လာစေရန်၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ငြိမ်းချမ်းစွာ အတူလျှောက်လှမ်းသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ဘာသာရေးခေါင်းဆောင် ဆရာတော်များအနေဖြင့် စွမ်းနိုင်သည့်ကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး လက်ဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားလိုအပ်သည်များကို ပေါင်းစပ်ပေးနိုင်ရန်အတွက် လာရောက်တွေ့ဆုံခြင်း ဖြစ်ပါကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဦးတည်ချက် (၄) ရပ်တွင် ပထမအချက်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် ရွေးကောက်ပွဲအတွက် ဒီဇင်ဘာ ၂၈ ရက်က ရွေးကောက်ပွဲ အပိုင်း (၁) ကို အောင်မြင်စွာ ကျင်းပပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ အပိုင်း (၂) ကို ယနေ့ကျင်းပပြီး ရွေးကောက်ပွဲအပိုင်း (၃)ကို ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း။

**ချမှတ်ဆောင်ရွက်လျက်ရှိ**

ရွေးကောက်ပွဲပြုလုပ်မှသာ ပြည်သူများက ရွေးချယ်တင်မြှောက်သည့် ရွေးကောက်ခံ ကိုယ်စားလှယ်များနှင့် အစိုးရသစ်ဖြင့် နိုင်ငံတော်တာဝန်များကို ဆက်လက် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ့စီးပွား ကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသော ကုန်ထုတ်စွမ်းအားစုများကို ဦးစားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ဖြည့်စွက်ပံ့ပိုးပေးရန်လို**

စိုက်ပျိုးရေးကဏ္ဍများ အောင်မြင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခုဖြစ်သည့် ( One Region One Product) ကုန်ထုတ်လုပ်ငန်းများတွင် ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြုပြီး အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများက လိုအပ်သော အရင်းအနှီး၊ နည်းပညာများကို ဖြည့်စွက်ပံ့ပိုးပေးရန် လိုအပ်ပါကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်နိုင်ရန်အတွက် လျှပ်စစ်မီးသည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အားကို ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအား၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များမှ ထုတ်လုပ်ကြပါကြောင်း။

**အကျိုးများစွာခံစားရမည်**

ရေအားလျှပ်စစ်သည် ကုန်ကျစရိတ်အသက်သာဆုံးဖြစ်ပြီး ကချင်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် မေခ၊ မလိခမြစ်နှစ်ခုမှ ပေါင်းစည်းပေးသည့် ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ပြန်လည်သုံးသပ်ဆွေးနွေးအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မြစ်ဆုံစီမံကိန်းအောင်မြင်ပါက ကချင်ပြည်နယ်နှင့် နိုင်ငံတော်၏ အကျိုးပြုစေမည့် ကုန်ထုတ်စွမ်းအား ပိုမိုတိုးတက်စေမည့် လျှပ်စစ်ဓာတ်အားများရရှိပြီး နောင်လာနောက်သားများ အကျိုးများစွာခံစားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ငလျင်နှင့် အင်ဂျင်နီယာဘူမိဗေဒပညာရှင် ဒေါက်တာအေးလွင်က ရေလှောင်တမံတည်ဆောက်မှုနှင့်ပတ်သက်၍ ငလျင်ဒဏ်ခံနိုင်မှုအတွက် အဓိကထား တွက်ချက်ဆောင်ရွက်မှု အခြေအနေကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

**အသေးစိတ်ရှင်းလင်း**

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် စပ်လျဉ်း၍ ရေကြီးရေလျှံမှုများကို ထိန်းသိမ်းဆောင်ရွက်နိုင်မှု၊ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သော မြစ်လက်တက်များကြောင့် ဧရာဝတီမြစ်ရေ ပုံမှန်အတိုင်း ဆက်လက်စီးဆင်းနိုင်မှု၊ မြစ်ကြောင်းတစ်လျှောက် ရေယာဉ်များ ပုံမှန်ခုတ်မောင်းသွားလာနိုင်မှု၊ ပြည်နယ်အတွင်းနှင့် နိုင်ငံအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှု၊ ဒေသခံပြည်သူလူထု စိုးရိမ်မှုမရှိစေရေး နည်းပညာပိုင်းဆိုင်ရာအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းဆောင်ရွက်သွားမည့် အခြေအနေတို့ကို ဒေသခံပြည်သူများအား အသေးစိတ်ရှင်းလင်းသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့်ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဧရာဝတီမြစ်ဆုံစီမံကိန်းနှင့် စပ်လျဉ်း၍ သဘောထားအမြင်များကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့်အဖွဲ့သည် ယမန်နေ့က ပြည်နယ်တရားလွှတ်တော် အဆောက်အအုံ အလျား ၂၀၆ ပေ၊ အနံ ၁၅၃ ပေရှိ သံကူကွန်ကရစ် လေးထပ်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရေကြည်ချောင်း ရေထိန်းတံခါး အကျယ် ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ သံကူကွန်ကရစ် ရေထုတ်ရေထိန်းတံခါး ခုနစ်ပေါက် တည်ဆောက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်းပြီးစီးရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ရေကြည်ချောင်းရေထိန်းတံခါး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

---

❖ *ရှေ့ဖုံးမှ*

ကွန်ဗင်းရှင်းဗဟိုဌာန(၁)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါ ဖိုရမ်ဖွင့်ပွဲအခမ်းအနားကျင်းပမည့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ နံနက် ၈:၄၅ နာရီမှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD၊ MRTV-News၊ MRTV-NRC ၊ MRTV-Sports၊ MRTV Entertainment Channel များနှင့် mitv တို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူ FM များမှလည်းကောင်း၊ MOI Website ၊ MOI Youtube ၊ MRTV Website ၊ MRTV App ၊ Radio App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။ **သတင်းစဉ်**

# ပူးပေါင်းပါဝင်ရမည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး

*ကိုကိုချွန် (မော်လမြိုင်)*

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးကုန်ကူးသူများ၏ အလေ့အထများနှင့် ဒေသတွင်း ဖြစ်ပေါ်နေသော အခြေအနေများပေါ်သုံးသပ်ပြီး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စီမံချက်ချဆောင်ရွက်နေရလျက်ရှိပါသည်။ တားဆီး နှိမ်နင်းရေးလုပ်ငန်းများဖြင့် ကြုံတွေ့ခံစားနေရသော မူးယစ်ဆေးဝါး ပြဿနာကို အလုံးစုံဖြေရှင်းနိုင်မည်မဟုတ်သော်လည်း တားဆီး နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ပြဿနာအတိုင်းအတာတစ်ခု ကို ဖြေရှင်းပြီး ဖြစ်နေတတ်ပါသည်။ လူငယ်ထုအတွင်း မူးယစ်ဆေးဝါး သုံးစွဲမှုကို ကာကွယ်ရန်မှာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထောက်အကူပြုစေသည့် **"သုံးစွဲသူလက်ထဲ အလွယ်တကူမရောက်ရှိနိုင်ရေးသည်"** အရေးကြီးသောလုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာနေရာများမှာ တိုင်းရင်းသားလက်နက်ကိုင်များ ကြီးစိုးရာ နေရာဒေသများတွင်ဖြစ်သဖြင့် ထုတ်လုပ်ရာနေရာများမှ သယ်ယူပို့ဆောင်မှုများကို ဖော်ထုတ်ဖမ်းဆီးခြင်းနှင့် လက်လီရောင်းချမှုများကို ဖော်ထုတ်ဖမ်းဆီးခြင်းဖြင့် သုံးစွဲသူလက်အတွင်း အလွယ်တကူ မရောက်ရှိရေးကို တားဆီးနှိမ်နင်းရေးလုပ်ငန်းများဖြင့် ဟန့်တားထားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကာလများတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှု၊ ဖြန့်ဖြူးရောင်းချမှုများ နှင့်သုံးစွဲမှုများ အတန်အသင့်ရှိခဲ့သော်လည်း ဒေသတွင်း နိုင်ငံဖြတ်ကျော် မူးယစ်ရာဇဝတ်ဂိုဏ်းများ၏ ပါဝင်ပတ်သက်လာမှုနှင့် ဒေသတွင်း ဈေးကွက်မြင့်တက်လာမှုများက ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် ဖြန့်ဖြူးရောင်းချမှုများကို မြင့်တက်လာစေခဲ့ပါသည်။ ပြည်သူလူထုအတွင်း အထူးသဖြင့် လူငယ်ထုအတွင်းတွင်လည်း မူးယစ်ဆေးဝါးသုံးစွဲမှုများကို မြင့်တက်စေလျက်ရှိပါသည်။

မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သည့် ပုံစံများကို ပြန်လည်လေ့လာကြည့်လျှင် မူးယစ်ဆေးဝါးထုတ်လုပ်ရာဒေသများမှ မူးယစ်ဆေးအနည်းငယ်ကို လူတစ်ဦးချင်းစီမှ အခြားကုန်ပစ္စည်းများဖြင့် ကွယ်ဝှက်ကာ အကြိမ်ကြိမ်သယ်ဆောင်ခြင်း၊ မူးယစ်ဆေးအနည်းငယ်ကို လူတစ်ဦးချင်းစီမှ အဆင့်ဆင့်သယ်ဆောင်ခြင်း၊ အကြိမ်ကြိမ် အနည်းငယ်သယ်ဆောင်ပြီး နေရာတစ်ခုတွင် စုစည်းခြင်းနှင့် အခြား နေရာတစ်ခုသို့ ထပ်မံသယ်ဆောင်မှုများကို အများဆုံးတွေ့ရှိရပါသည်။ နောက်ပိုင်းတွင် မူးယစ်ဆေးဝါးအမြောက်အမြားကို သိုဝှက်ပုံနည်းလမ်း အမျိုးမျိုးဖြင့် အဆင့်ဆင့်လက်ဆင့်ကမ်း သယ်ဆောင်လာကြပါသည်။ သယ်ယူပို့ဆောင်သူအဖြစ် အသုံးချခံသူများမှာ တစ်ဦးနှင့်တစ်ဦး မသိရှိဘဲ နောက်ကွယ်မှ ထိန်းချုပ်ကြိုးကိုင်သူ၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရပါသည်။ ဥပမာ နေရာတစ်ခုတွင် သော့တန်းလန်းဖြင့် ရပ်တန့်ထားသောယာဉ်များကို အခြားနေရာတစ်ခုသို့ မောင်းနှင်ရပြီး ရောက်ရှိရာနေရာတွင် ရပ်တန့်ထားခြင်းဖြင့် သယ်ယူပို့ဆောင်မှုကို အပိုင်းလိုက်၊ အကန့်စနစ်ဖြင့် လုပ်ဆောင်စေခြင်းဖြစ်ပါသည်။

လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို ပြန်လည်လေ့လာကြည့်လျှင် AA အကြမ်းဖက်သောင်းကျန်းသူများကဲ့သို့သော လက်နက်ကိုင်အဖွဲ့များ၏ ပါဝင်ပတ်သက်လာမှုများကြောင့် ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပုံစံမျိုးကို တွေ့ရှိလာရပါသည်။ တာဝန်ခံတစ်ဦး၏ ထိန်းချုပ်မှုအောက်တွင် ထုတ်လုပ်သည့်အဆင့်မှ ဈေးကွက်သို့ ပို့ဆောင်၊ ရောက်ရှိသည်အထိ ဆောင်ရွက်လာသည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါးအမျိုးမျိုးကို ပြည်တွင်းဖြန့်ဖြူးသည့်အဆင့်မှ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများသို့ ကုန်းလမ်း၊ ရေလမ်းကြောင်းများ အသုံးပြုပြီး သယ်ဆောင်သည်အထိ ကျယ်ပြန့်လာခဲ့ပါသည်။ ၂၀၂၅ ခုနှစ်အတွင်း **ဖမ်းဆီးရမိခဲ့သောဖြစ်စဉ်များကို ပြန်လည်လေ့လာကြည့်ပါက မူးယစ်ဆေးဝါးအမြောက်အမြား ဖမ်းဆီးရမိမှုများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တစ်နည်းနည်းနှင့်ပါဝင်ပတ်သက်နေကြသည်**ကို တွေ့ရှိရပါသည်။

နှစ်အလိုက် ဖမ်းဆီးရမိမှုများကို နှိုင်းယှဉ်ပါက ဖမ်းဆီးရမိသည့် မှုခင်းအရေအတွက်လျော့ကျသွားခဲ့ပြီး ဖမ်းဆီးရမိတရားခံများလည်း လျော့ကျသွားခဲ့ပါသည်။ သို့သော် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါး ပမာဏ လွန်စွာမြင့်မားနေခြင်းက မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများတွင် လူအနည်းငယ်က ဂိုဏ်း/အုပ်စုဖွဲ့ကာ အမြောက်အမြား သယ်ဆောင်ရောင်းဝယ်သည့်ပုံစံမျိုးသို့ ပြောင်းလဲအသုံးပြုနေလျက်ရှိပါသည်။ အသုံးပြုသည့်ယာဉ်၊ ခေတ္တထားသိုမည့်နေရာများ နှင့် ပို့ဆောင်ရာတွင် အသုံးချမည့်သူများကိုလည်း ပုံစံပြောင်းလဲကျင့်သုံးလာလျက်ရှိပါသည်။ လွန်ခဲ့သောနှစ်များတွင် အသုံးပြုသည့် ယာဉ်နှင့် ခေတ္တထားသိုသိမ်းဆည်းမည့်နေရာများမှာ ကိုယ်ပိုင်ယာဉ်၊ အိမ်/ဂိုဒေါင်များကို အသုံးပြုခဲ့သော်လည်း လက်ရှိကာလတွင် ယာဉ်များ၊ အိမ်/ဂိုဒေါင်များကို ဈေးနှုန်းမြင့်မားစွာဖြင့် ငှားရမ်းအသုံးပြုလာကြပါသည်။ သာမန်ပြည်သူများမှာ ငှားရမ်းခမြင့်မားစွာရရှိသဖြင့် ကျေနပ်နေမှုမှာ မူးယစ်ကုန်ကူးသူများ၏ သားကောင်အဖြစ်သို့ ကျရောက်သွားနိုင်သည်ကို သတိထားရန်လိုအပ်ပါသည်။

| စဉ် | မူးယစ်ဆေးဝါးအမျိုးအစား | ၂၀၂၄ ခုနှစ် | | ၂၀၂၅ ခုနှစ် | | ရေတွက်ပုံ |
|---|---|---|---|---|---|---|
| | | အမှု | ပမာဏ | အမှု | ပမာဏ | |
| ၁ | ဘိန်း | ၇၅ | ၁.၇၁၉ | ၇၇ | ၁.၁၅၅ | တန် |
| ၂ | ဘိန်းဖြူ | ၄၅၀ | ၁.၉၇၈ | ၃၉၇ | ၂.၁၃ | တန် |
| ၃ | စိတ်ကြွရူးသွပ်ဆေးပြား | ၃၉၂၉ | ၂၂၇.၇၉၄ | ၃၈၀၇ | ၃၇၇.၁၀၉ | သန်း |
| ၄ | အိုက်စ် | ၇၀ | ၂၁.၀၄၈ | ၈၉ | ၃၇.၈၁၅ | တန် |
| ၅ | ဆေးခြောက် | ၄၇၈ | ၁.၁၈၅ | ၃၈၆ | ၀.၈၇၉ | တန် |
| ၆ | ဘိန်းစာရွက် | ၆၂ | ၁.၉၄၄ | ၆၂ | ၁.၅၁၁ | တန် |
| ၇ | ဘိန်းစာမှုန့် | ၁၈ | ၀.၁၇ | ၁၄ | ၀.၇၀၀ | တန် |
| ၈ | အက်တက်စီဆေးပြား | ၂၇ | ၀.၂၁၄ | ၃၀ | ၀.၀၆၅ | သန်း |
| ၉ | Happy Water | ၂၀၉ | ၂၁၈.၄၄၀ | ၂၄၄ | ၂၀၄.၉၅၉ | ကီလို |
| ၁၀ | ကက်တမင်း | ၈၆ | ၁.၆၅၁ | ၈၈ | ၁၅.၃၉၇ | တန် |
| | အမှုပေါင်း | ၅.၁၉၃ | | ၅.၃၇၀ | | |
| | တရားခံပေါင်း | ၇.၈၂၈ ဦး | | ၇.၅၆၂ ဦး | | |
| | မြန်မာငွေကျပ်(ဘီလီယံ) | ၉၉၈.၆၀၄ | | ၁.၇၆၁.၃၂၄ | | |

၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု

၂၀၂၃ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံ၏ တာလီဘန်အစိုးရသည် ဘိန်းစိုက်ပျိုးမှုအား ပြင်းထန်စွာအရေးယူမည်ဟု တားမြစ်လိုက်သဖြင့် ၂၀၂၄ ခုနှစ် ဘိန်းစိုက်ပျိုးထွက်ရှိမှုမှာ ၉၅ ရာခိုင်နှုန်းခန့် လျော့ကျသွားခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုမှာ သိသာသောပြောင်းလဲမှုများမရှိခဲ့ဘဲ အနည်းငယ်သာ ပြောင်းလဲမှုရှိပါသည်။ တာလီဘန်အစိုးရမှ ဘိန်းစိုက်ပျိုးမှုကို တားမြစ်လိုက်သဖြင့် ဈေးကွက်လိုအပ်ချက်အရ ဘိန်းနှင့်ဘိန်းဖြူဈေးနှုန်းများ မြင့်တက်လာရမည်ဖြစ်သော်လည်း ဒေသတွင်းနိုင်ငံများတွင် ဈေးနှုန်းများစွာ လျော့ကျသွားသည်ကို တွေ့ရပါသည်။ ဘိန်းနှင့်ဘိန်းဖြူစိုက်ပျိုးထုတ်လုပ်မှုသည် အချိန်များစွာယူရခြင်း၊ သုံးစွဲသူဈေးကွက်အတွင်း လူလုပ်မူးယစ်ဆေးဝါးသုံးစွဲမှု ပိုမိုမြင့်မားလာခြင်းတို့ကြောင့် ဘိန်းဈေးနှုန်းများ ကျဆင်းသွားသည်ကို တွေ့ရပါသည်။ ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ဘိန်း ၁.၇ တန်ကျော် ဖမ်းဆီးရမိခဲ့ရာမှ ယခုနှစ်တွင် ဘိန်း ၁.၁၅ တန်သာ ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရပါသည်။ ဘိန်းဖြူသုံးစွဲမှုမှာ ယခင်အတိုင်းသာရှိနေပြီး ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ၁.၉၇ တန်ကျော်ရှိခဲ့ရာမှ အရေးကြီးနယ်မြေများ၌ စစ်ဆင်ရေးတိုးမြှင့်ဆောင်ရွက်ခြင်းကြောင့် ၂၀၂၅ ခုနှစ်တွင် ၂.၁၃ တန်ကျော် ဖမ်းဆီးရမိခဲ့ပါသည်။


ဘိန်းနှင့်ဘိန်းဖြူ သုံးစွဲမှုများသည် ယခင်သုံးစွဲနေသည့်ဒေသများတွင် ပုံမှန်အတိုင်းသာရှိသော်လည်း စိတ်ကြွရူးသွပ်ဆေးပြားမှာ နိုင်ငံနှင့်အဝန်းပျံ့နှံ့ပြီး ဈေးနှုန်းကျဆင်းမှုက သာမန်လူထုအတွင်း လက်လှမ်းမီနိုင်သည့် အခြေအနေတွင်ရှိပါသည်။ စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိမှုမှာ ၂၀၂၄ ခုနှစ်တွင် ဆေးပြား ၂၂၇ သန်းကျော်ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၃၇၇ သန်းကျော် ဖမ်းဆီးရမိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် ဖမ်းဆီးရမိမှုနှင့် နှိုင်းယှဉ်ပါက ၂ ဆကျော် မြင့်တက်ခဲ့ပါသည်။ စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိမှုများအား စစ်ဆေးဖော်ထုတ်ချက်များအရ **ရခိုင်ပြည်နယ်သည် စိတ်ကြွဆေးပြားများ တရားမဝင်သယ်ယူပို့ဆောင်ရာ အဓိကနေရာဖြစ်နေပြီး AA အကြမ်းဖက်သောင်းကျန်းသူများနှင့် တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်ပတ်သက်နေသည်**ကို တွေ့ရပါသည်။

ပြည်နယ်အတွင်း လုံခြုံရေးအခြေအနေများအရ စိတ်ကြွဆေးပြား သုံးစွဲသူ အနည်းငယ်တိုးလာနိုင်သော်လည်း **ဖမ်းဆီးရမိဆေးပြား ပမာဏမှာ တစ်ပြည်နယ်လုံးရှိ လူဦးရေအားလုံး တစ်နှစ်သုံးစွဲနိုင်သည့် ပမာဏထက် ပိုနေသည်**ကိုတွေ့ရပါသည်။ မြန်မာနိုင်ငံ၏ အနောက်ဘက်အိမ်နီးချင်းနိုင်ငံများအနေဖြင့်လည်း စိတ်ကြွရူးသွပ်ဆေးပြားများ ရခိုင်ဒေသမှ ၎င်းတို့နိုင်ငံအတွင်း အမြောက်အမြားဝင်ရောက်နေကြောင်း ပြောဆိုနေမှုများကိုလည်း တွေ့ရပါသည်။ နိုင်ငံအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများတွင် စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိသည့်အမှုမှာ အများဆုံးဖြစ်နေသည်ကို တွေ့ရပါသည်။ မကွေးတိုင်းဒေသကြီး – ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း – ဧရာဝတီတိုင်းဒေသကြီး – ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး – ချင်းပြည်နယ်တို့မှတစ်ဆင့် ရခိုင်ပြည်နယ်သို့ ကုန်းလမ်း၊ ရေလမ်း ဝင်/ထွက်ရာလမ်းကြောင်းများမှ အဓိကသယ်ယူပို့ဆောင်နေသဖြင့် အဆိုပါလမ်းကြောင်းများကို အထူးသတိထားစောင့်ကြည့်ရန် လိုအပ်မည်ဖြစ်ပါသည်။


ထိုင်းနိုင်ငံတွင် ဆေးခြောက်ကို တရားဝင်ခွင့်ပြုထားသဖြင့် ထိုင်း–မြန်မာနယ်စပ်မှ မြန်မာနိုင်ငံသို့ တရားမဝင်ဆေးခြောက်သယ်ယူပို့ဆောင်မှုများ မြင့်တက်ခဲ့ပြီး နယ်စပ်ဒေသလမ်းကြောင်းများတွင် ဖမ်းဆီးရမိမှု အများဆုံးဖြစ်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်တွင် ဆေးခြောက် ၁.၁၅၈ တန်ကျော် ဖမ်းဆီးရမိခဲ့သော်လည်း ၂၀၂၅ ခုနှစ် နှောင်းပိုင်းတွင် ထိုင်းနိုင်ငံ၌ ဆေးခြောက်ရောင်းချမှုများကို ပြန်လည်ထိန်းချုပ်လိုက်သဖြင့် ဖမ်းဆီးရမိမှု လျော့ကျသွားခဲ့ပြီး ၀.၈၇၉ တန်ကျော်သာ ဖမ်းဆီးရမိခဲ့ပါသည်။ သို့သော် **ထိုင်းနိုင်ငံနှင့် ထိစပ်နေသည့်ဒေသများမှ နိုင်ငံအတွင်းသို့ဝင်ရောက်ရာ လမ်းကြောင်းများတွင် ဖမ်းဆီးရမိမှုများမှာ မြင့်တက်နေဆဲဖြစ်ပါသည်**။ နိုင်ငံအတွင်းသို့ ဆေးခြောက်ပါဝင်သော စားသောက်ကုန်များ၊ အသုံးအဆောင်ပစ္စည်းများ တရားမဝင်ဝင်ရောက်နေမှုများကို ထိန်းချုပ်နိုင်ရန်မှာလည်း အရေးကြီးသော ကဏ္ဍတစ်ရပ် ဖြစ်နေပါသည်။

ဘိန်းစာရွက်ကို မြန်မာနိုင်ငံမှ ထိန်းချုပ်ထားသော်လည်း ထိုင်းနိုင်ငံတွင် တရားဝင်ခွင့်ပြုထားသဖြင့် မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် ဘိန်းစာရွက်၊ ဘိန်းစာရွက်ပါဝင်သော ဖျော်ရည်နှင့် စားသောက်ကုန်ပစ္စည်းများသုံးစွဲမှုမှာ နှစ်စဉ်ပုံမှန်တိုးတက်လာလျက်ရှိပါသည်။ ဘိန်းစာရွက်ဖမ်းဆီးရမိမှု ပမာဏကွာခြားခြင်းမရှိသော်လည်း တရားမဝင်လမ်းကြောင်းများမှ ဝင်ရောက်နေမှုများကို ပိုမိုထိန်းချုပ်နေရလျက်ရှိပါသည်။ *စာမျက်နှာ ၇ သို့*

❑ **ဘိန်းနှင့်ဘိန်းဖြူသုံးစွဲမှုများသည် ယခင်သုံးစွဲနေသည့်ဒေသများတွင် ပုံမှန်အတိုင်းသာရှိသော်လည်း စိတ်ကြွရူးသွပ်ဆေးပြားမှာ နိုင်ငံနှင့်အဝန်းပျံ့နှံ့ပြီး ဈေးနှုန်းကျဆင်းမှုက သာမန်လူထုအတွင်း လက်လှမ်းမီနိုင်သည့် အခြေအနေတွင်ရှိပါသည်။ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိမှုမှာ ၂၀၂၄ ခုနှစ်တွင် ဆေးပြား ၂၂၇ သန်းကျော်ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၃၇၇ သန်းကျော် ဖမ်းဆီးရမိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် ဖမ်းဆီးရမိမှုနှင့် နှိုင်းယှဉ်ပါက ၂ ဆကျော် မြင့်တက်ခဲ့ပါသည်။ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိမှုများအား စစ်ဆေးဖော်ထုတ်ချက်များအရ ရခိုင်ပြည်နယ်သည် စိတ်ကြွဆေးပြားများ တရားမဝင်သယ်ယူပို့ဆောင်ရာ အဓိကနေရာဖြစ်နေပြီး AA အကြမ်းဖက်သောင်းကျန်းသူများနှင့် တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်ပတ်သက်နေသည်ကို တွေ့ရ**




ဆေးခြောက်နှင့်ဘိန်းစာရွက် ဖမ်းဆီးရမိမှု




အိုက်စ်၊ ကက်တမင်း ဖမ်းဆီးရမိမှု

**❑ မြန်မာနိုင်ငံအဖို့ မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက်အဖွဲ့များ၏ နက်ရှိုင်းစွာပါဝင်နေမှုများက ပြဿနာကိုပိုမိုဆိုးရွားစေပြီး ပြဿနာဖြေရှင်းရေးတွင် ပိုမိုခက်ခဲစေလျက်ရှိပါသည်။ ၎င်းအဖွဲ့များ ကြီးစိုးရာနေရာများတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်ခက်ခဲနေပြီး သတင်းရရှိရန်မှာလည်း လွန်စွာခက်ခဲလျက်ရှိပါသည်။ သို့သော်လမ်းကြောင်းတစ်လျှောက်ရှိ ငြိမ်းချမ်းသောနယ်မြေများတွင် နေထိုင်ကြသောပြည်သူများအနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်မှုသတင်းများကို သက်ဆိုင်ရာသို့ပေးပို့ခြင်းဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အတူလက်တွဲ ဆောင်ရွက်သွားရန်လို**

*စာမျက်နှာ ၆ မှ*

ခေါင်းညိတ်၊ ခေါင်းခါဆေးဟုခေါ်သော အက်တက်စီဆေးပြားမှာ ဒေသတွင်းထုတ်လုပ်မှုမရှိဘဲ ဥရောပနိုင်ငံများမှတစ်ဆင့် ဒေသတွင်းသို့ ဝင်ရောက်နေလျက်ရှိပါသည်။ ဒေသတွင်းနိုင်ငံများမှ ဘိန်း၊ ဘိန်းဖြူနှင့် အခြားလူလုပ်မူးယစ်ဆေးဝါးများသည် ဥရောပနိုင်ငံများသို့ ရောက်ရှိမှုမှာ မဆိုစလောက် အနည်းငယ်သာရှိပါသည်။ သို့သော်လည်း မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံအချို့အပေါ် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော စွပ်စွဲပြောကြားမှုများသာ အသံကျယ်လောင်နေပြီး **ဥရောပနိုင်ငံများမှ ဒေသတွင်းနိုင်ငံများသို့ အက်တက်စီဆေးပြားများ ဝင်ရောက်မှုမှာ အသံမကြားရသလောက်ပင်ဖြစ်ပါသည်။** ယခုအခါ ဒေသတွင်းနိုင်ငံအချို့တွင် နိုင်ငံဖြတ်ကျော်မူးယစ်ရာဇဝတ်ဂိုဏ်းများ ဝင်ရောက်လာမှုက ဒေသတွင်း အက်တက်စီချက်လုပ်မှုများကို တွေ့ရှိလာရပြီး မြန်မာနိုင်ငံအတွက် သတိထားစောင့်ကြည့်ရမည့်အခြေအနေတွင် ရှိပါသည်။

ဒေသတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုအခြေအနေများအရ အိုက်စ်နှင့် ကက်တမင်း သုံးစွဲမှုများ အဆမတန်မြင့်တက်လာလျက်ရှိပါသည်။ ဒေသတွင်းနိုင်ငံများတွင် အိုက်စ်နှင့် ကက်တမင်း ဖမ်းဆီးရမိမှုများ စံချိန်တင် မြင့်တက်လာသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဖမ်းဆီးရမိမှုများ မြင့်တက်လာလျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်တွင် အိုက်စ် ၂၁ တန်ကျော် ဖမ်းဆီးရမိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၃၇ တန်ကျော် ဖမ်းဆီးရမိခဲ့ပါသည်။ ၂၀၂၁ ခုနှစ် (၁၃.၈ တန်ကျော်)နှင့် ပြန်လည်နှိုင်းယှဉ်ကြည့်ပါက ၃ ဆခန့် မြင့်တက်လာသည်ကို တွေ့ရပါသည်။ ကက်တမင်းဖမ်းဆီးရမိမှုများမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဖမ်းဆီးရမိမှုမြင့်တက်လာပြီး ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အဆ ၂၀ ခန့်မြင့်တက်လာလျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာများကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သော်လည်း ကက်တမင်းချက်လုပ်သည့်နေရာများဖမ်းဆီးရမိခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။ ဒေသတွင်းနိုင်ငံများတွင်မူ ကက်တမင်းအမြောက်အမြားထုတ်လုပ်နေသည့် စက်ရုံများကို ဖမ်းဆီးရမိသော်လည်း မြန်မာနိုင်ငံအပေါ်ကိုသာ စွပ်စွဲလက်ညှိုးထိုးနေမှုများကို သတိထားစောင့်ကြည့်သွားရန်လည်း လိုအပ်ပါသည်။

ယခုအခါ လူငယ်ထုကြား KTV ၊ Bar များရှိ ဟိုင်းခန်းများတွင် Happy Water သုံးစွဲမှုများ ခေတ်စားလာနေပြီး လူလတ်ပိုင်းအရွယ်အများစုပါဝင်နေသည်ကို စိတ်မကောင်းဖွယ် တွေ့နေရပါသည်။ ၂၀၂၂ ခုနှစ်မှစတင်ပြီး ဖမ်းဆီးရမိသော Happy Water ပမာဏမှာ သိသာစွာကွာခြားခြင်းမရှိသော်လည်း အမှုအရေအတွက်မှာ ပုံမှန်မြင့်တက်နေလျက်ရှိပါသည်။

ဒေသတွင်း မူးယစ်ဆေးဝါးအခြေအနေကို ပြန်လည်သုံးသပ်ကြည့်လျှင် မူးယစ်ဆေးဝါး ဈေးကွက်ချဲ့ထွင်လာမှု (သုံးစွဲမှုမြင့်တက်လာမှု)၊ နိုင်ငံဖြတ်ကျော်မူးယစ်ရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်လာမှုများကြောင့် မူးယစ်ဆေးဝါးချက်လုပ်သည့်နည်းလမ်းများ ပြောင်းလဲလာခြင်းနှင့် သန့်စင်မှုရာခိုင်နှုန်းမြင့်တက်လာခြင်း၊ အမြောက်အမြားထုတ်လုပ်လာမှုများကြောင့် ဈေးနှုန်းကျဆင်းလာခြင်းများနှင့် သုံးစွဲမှု မြင့်တက်လာခြင်းဟူသော သံသရာအတွင်းသို့ လည်ပတ်နေလျက်ရှိပါသည်။ မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများအနေဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေမှုများကြောင့် ဖမ်းဆီးရမိမှုများ မြင့်တက်နေသော်လည်း ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုများ လျော့ကျသွားခြင်းမရှိသည်ကို အထူးဂရုပြုစောင့်ကြည့်သွားရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံအဖို့ **မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက် အဖွဲ့များ၏ နက်ရှိုင်းစွာပါဝင်နေမှုများက ပြဿနာကို ပိုမိုဆိုးရွားစေပြီး** ပြဿနာဖြေရှင်းရေးတွင် ပိုမိုခက်ခဲစေလျက်ရှိပါသည်။ ၎င်းအဖွဲ့များ ကြီးစိုးရာနေရာများတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်ခက်ခဲနေပြီး သတင်းရရှိရန်မှာလည်း လွန်စွာခက်ခဲလျက်ရှိပါသည်။ သို့သော် လမ်းကြောင်းတစ်လျှောက်ရှိ ငြိမ်းချမ်းသော နယ်မြေများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုသတင်းများကို သက်ဆိုင်ရာသို့ ပေးပို့ခြင်းဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အတူလက်တွဲ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ပြဿနာအများစုမှာ လူတစ်ဦးချင်း၊ တစ်နိုင်ငံချင်းနှင့် သက်ဆိုင်နေသော်လည်း မူးယစ်ဆေးဝါးပြဿနာမှာ လူသားမျိုးနွယ်စုတစ်ခုလုံးနှင့် သက်ဆိုင်နေသဖြင့် နိုင်ငံသားတိုင်း၊ လူသားတိုင်းတွင် တာဝန်ရှိသည်ဟု ခံယူလုပ်ဆောင်ရန် လိုအပ်လာသည့်အချိန်လည်းဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။



၁၃-၁၂-၂၀၂၅ ရက်နေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု၌ စိတ်ကြွဆေးပြားထုတ်လုပ်သည့်စခန်း နှစ်ခု ဖော်ထုတ်သိမ်းဆည်းရမိမှု။



ကမ္ဘောဒီးယားနိုင်ငံတွင် Ketamine ချက်လုပ်သည့်စက်ရုံ ဖမ်းဆီးရမိမှု။ (ဇူလိုင်၊ ၂၀၂၂)



မလေးရှားနိုင်ငံတွင် Ketamine ချက်လုပ်သည့်စက်ရုံ ဖမ်းဆီးရမိမှု။ (ဒီဇင်ဘာ၊ ၂၀၂၅)




၁၀-၂-၂၀၂၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ငွေကျပ် ၁၁.၉၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉.၈၇၈ သိန်းပြားအား သယ်ဆောင်သူအသွင်ယူ၍ ဖော်ထုတ်ဖမ်းဆီးရမိမှု။



၂၆-၄-၂၀၂၅ ရက်နေ့တွင် ဖျာပုံမြို့နယ်၏ တောင်ဘက် ရေမိုင် ၆၀ ခန့်အကွာနှင့် ကျွန်းစုမြို့နယ် မလိကျွန်းအနောက်မြောက်ဘက် ၅၇.၈ မိုင်ခန့်အကွာ ပင်လယ်ပြင်တို့မှ ငွေကျပ် ၂၀၀.၃၂၅ ဘီလီယံတန်ဖိုးရှိ မက်သ်အဖက်တမင်း (အိုက်စ်) ၄.၁၃၃ တန်၊ အရည်ပျော်နေသော မက်သ်အဖက်တမင်း (အိုက်စ်) ၁ လီတာခန့်နှင့် ကက်တမင်း ၂ တန် ဖမ်းဆီးရမိမှု။

## လူငယ်နှင့် လက်ဆင့်ကမ်းတာဝန်

◆ လူငယ်တွေ ညီညာပေါင်း
ပြည်သာကြောင်း ဆွေးနွေးဖလှယ်။
တိုင်းပြည့်ဝန် လက်ဆင့်ကမ်း
ထမ်းဖို့ ရည်ရွယ်။
ယနေ့တော့ လူငယ်
နောင်ခါဝယ် ခေါင်းဆောင်များ။
အတိတ်ကို အခြေခံ
ပစ္စုပ္ပန်ကို သုံးသပ်လို့
အနာဂတ်ကို ထုဆစ်သွန်း
ထွန်းတောက်စေသား။
◆ တစ်ချိန်တစ်ခါက
ဒေသတွင်းမှာ ဂုဏ်ထည်တင့်
စန်းပွင့်တဲ့ တို့နိုင်ငံ။
ပတ်ဝန်းကျင် နိုင်ငံအများ
အားကျခဲ့ပြန်။
မငြိမ်းချမ်း မတည်ငြိမ်မှုတွေကြောင့်
သည်အချိန်မှာ ရှေ့မရောက်
နောက်ကျကျန်ရစ် အဖြစ်မှန်
တရားခံကို မြင်အောင်ကြည့်။
ထိုးထွင်းသိမြင် ဉာဏ်သတိနဲ့
အမှန်သိကာ ပြည့်အနာဂတ်
တည့်မတ်ပါဘိ။
◆ အတိတ်မှာ ဘာတွေဖြစ်လို့
ပစ္စုပ္ပန် ဘာတွေလွဲနေသလဲ
သဲကွဲအောင် ဆင်ခြင်။
ငြိမ်းချမ်းရေးရဲ့ အခန်းကဏ္ဍ
လမ်းပြမြင့်တင်။
ညီနောင်တစ်စု တည်ထောင်ပြုတဲ့
ပြည်ထောင်စုရဲ့ ခရီးစဉ်
ညီမှပင် လမ်းဖြောင့်ဖြူး။
ရှေးထုံးမမှားစေနဲ့
အရေးသုံးပါး တည်တံ့မြဲရအောင်
စွဲနစ်ရွယ်စူး။
◆ လူငယ်တွေ တိုးတက်ရစ်မှ
မျိုးဆက်တစ်ခေတ် တောက်ပသည်။
ဗလငါးတန် ပြည့်စုံမြင့်လို့
ပြည့်ဂုဏ်ဝင့်မည်။
နိုင်ငံက ယုံကြည်
ပြည်သူက အားထား။
ယခုနောင် အတူညီညာလို့
ဖမ္ဗူဒီပါ လက်ျာတောင်ကျွန်းမှာ
အောင်ဩဘာ နိမိတ်ထွန်း
ရွှန်းတင့်စေသား။ ။

(လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ ကြိုဆိုဂုဏ်ပြုလျက်)

**ဇော်မင်းမင်းဦး**

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင်ပါဝင်သည့် ဝါးခယ်မမြို့နယ်အတွင်းရှိ မဲရုံအသီးသီး၌ မဲပေးပိုင်ခွင့်ရှိသူပြည်သူများ စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးနေမှု လှည့်လည်ကြည့်ရှုအားပေး



နေပြည်တော် ဇန်နဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ မဲရုံအသီးသီး၌ မဲပေးပိုင်ခွင့်ရှိသူပြည်သူများ လာရောက်ဆန္ဒမဲပေးလျက်ရှိရာ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ သီရိဟေမာရပ်ကွက်ရှိ မဲရုံ၊ မြစိမ်းရပ်ကွက်ရှိ မဲရုံများသို့သွားရောက်၍ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေးကာ မဲရုံမှူးနှင့် တာဝန်ရှိသူများကို လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဝါးခယ်မမြို့သို့သွားရောက်၍ လှေကျင်းရပ်ကွက်ရှိ မဲရုံ၊ စာရေးကုန်းရပ်ကွက်ရှိ မဲရုံတို့ကို သွားရောက်ကာ မဲရုံအသီးသီး၌ မဲပေးပိုင်ခွင့်ရှိသူပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေး၍ မဲရုံမှူးနှင့် တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လာရောက်မဲပေးသူပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝါးခယ်မမြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာ အုပ်ချုပ်မှုရုံးအဖြစ် ဖွင့်လှစ်ထားရှိသည့် ဝါးခယ်မမြို့ ရွှေခယ်သီရိအားကစားခန်းမသို့သွားရောက်ရာ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ မဲရုံအသီးသီး၌ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုနှင့် မဲရုံများပိတ်သိမ်းပြီးပါက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပျဉ်းမနားမြို့နယ်အတွင်း ဆောင်းသီးနှံ မတ်ပဲ၊ နေကြာများ စိုက်ပျိုးထားရှိမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၁

နေပြည်တော် ပျဉ်းမနားမြို့ ကူးတို့ဆိပ်ကျေးရွာနှင့် ဇီးဖြူပင်ကျေးရွာ တောင်သူများ၏ ဆောင်းသီးနှံ မတ်ပဲ၊ နေကြာများ စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့ ကူးတို့ဆိပ်ကျေးရွာရှိ ဆောင်းသီးနှံ မတ်ပဲစိုက်ခင်းသို့ ရောက်ရှိပြီး သီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုကာ လိုအပ်သည့်သွင်းအားစုများကို နည်းစနစ်မှန်ကန်စွာဖြင့် စနစ်တကျ ထည့်သွင်းရန် တောင်သူများကို မှာကြားသည်။

ထို့နောက် ဇီးဖြူပင်ကျေးရွာရှိ တောင်သူများနှင့်အတူ ဆောင်းဆီထွက်သီးနှံ နေကြာစိုက်ခင်းများအတွင်း ကြည့်ရှုပြီး ဆောင်းသီးနှံနေကြာများ အရည်အသွေး ကောင်းမွန်ပြီး အထွက်နှုန်း မြင့်မားစေရေးအတွက် ပိုးမွှားရောဂါ ကျရောက်မှု မဖြစ်ပွားစေရေးကို စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။ မြို့နယ်(ပြန်/ဆက်)

## ပြည်တက္ကသိုလ်- နေ့သင်တန်း (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

ပြည် ဇန်နဝါရီ ၁၁

ပြည်တက္ကသိုလ်၏ နေ့သင်တန်း (၂၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်နှင့် အဖွဲ့ဝင်များ သတ်မှတ်နေရာယူကြသည်။

ယင်းနောက် ဘာသာရပ်အလိုက် ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာပြီးဖြစ်သော ပြည်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ဘွဲ့ရကျောင်းသားကျောင်းသူများအား ပါမောက္ခချုပ်က ဘွဲ့လက်မှတ်များ အသီးသီး အပ်နှင်းချီးမြှင့်ပေးအပ်သည်။

ပြည်တက္ကသိုလ်-နေ့သင်တန်း (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်မှ ၁၁ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး အဆိုပါဘွဲ့နှင်းသဘင်၌ ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်တွင် ပြည်တက္ကသိုလ်က ကျင်းပခဲ့သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့၊ ကွန်ပျူတာဒီပလိုမာဘွဲ့(၁၉/၂၀၂၄-၂၀၂၅)(DCS) နှင့် စီးပွားရေးဥပဒေပညာဒီပလိုမာဘွဲ့(၃/၂၀၂၄-၂၀၂၅) (DBL) စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြသည့် (နေ့သင်တန်း)များမှ ဘွဲ့ရကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၇၂ ဦးအား ဘွဲ့လက်မှတ်များ အပ်နှင်းချီးမြှင့်ခြင်း ဖြစ်ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက် ငလျင်ဘေးပြန်လည်တည်ဆောက်ရေးနှင့် ဝန်ထမ်းအိမ်ရာများ အသစ်ဆောက်လုပ်နေမှုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ကြိုးကြာအင်းကျေးရွာ ကွင်းအမှတ်(၉၈၁)တွင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ဧက ၃၀ အတွက် စိုက်ပျိုးရေပေးဝေနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဆိုပါကွင်းအတွင်း စားဖိုဆောင်သုံးသီးနှံများနှင့် ဆောင်းသီးနှံမတ်ပဲ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးကာ တောင်သူများအား သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ အထွက်နှုန်းကောင်းမွန်သော မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ သဘာဝမြေသြဇာကို တောင်သူများကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံအသုံးပြုရေးတို့ကို မှာကြားပြီး သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာနှင့် နေကြာမျိုးစေ့များ ပေးအပ်သည်။

ထို့နောက် ဥသျှစ်ကုန်းကျေးရွာအုပ်စု သပြေသာကျေးရွာ ကွင်းအမှတ် (၁၂၇၉) တောင်သူ ဦးဇော်မိုး၏ ဆီထွက်သီးနှံ ဆင်းရွှေကြာ(၂) နေကြာ စိုက်ခင်းများ



အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဆိုပါကွင်းအတွင်းရှိ စိုက်ပျိုးမြေများကို မြေချဉ်ငန်ကိန်း လက်တွေ့တိုင်းတာခြင်းနှင့် ဓာတ်ခွဲနမူနာ၊ မြေသားနမူနာရယူဆောင်ရွက်ခြင်းများကို တောင်သူများအား လက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး သီးနှံများအား မိုး၊ ဆောင်း၊ နွေရာသီပြည့်စိုက်ပျိုးနိုင်ရေး၊ သီးလှည့်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သော မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးမြေများ စနစ်တကျပြုပြင်ရေး၊ ရေရရှိရေးနည်းလမ်းမျိုးစုံ အသုံးပြုဆောင်ရွက်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊သဘာဝမြေသြဇာကိုတောင်သူများကိုယ်တိုင်ပြုလုပ်သုံးစွဲရေးတို့ကို မှာကြားသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် အောင်ဇေယျရပ်ကွက်ရှိ မြို့နယ် ဆန်စပါး၊ ပဲမျိုးစုံ၊ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ ကုန်စည်ဒိုင်ရုံး ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေး၊ သီးနှံထွက်ကုန်များအား ကုန်ကြမ်းအဖြစ်မှ ကုန်ချောအဖြစ်သို့ ထုတ်လုပ်ရောင်းချနိုင်ရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆန်စက်နှင့် ဆီစက်လုပ်ငန်းများ ပုံမှန်လည်ပတ်၍ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိကာ မိသားစုစားဝတ်နေရေး အဆင်ပြေစေရေးတို့ကိုမှာကြားပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ MSME အသင်းဝင်များ၊ ကုန်စည်ဒိုင်အသင်းဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့ပြင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက ဇမ္ဗူသီရိမြို့နယ် မြို့မဈေးသို့သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှု၊ သုခသိဒ္ဓိရပ်ကွက် အကွက်အမှတ်(၈-က) သို့ သွားရောက်ပြီး ၆၀၀ စတုရန်းပေရှိသော လေးခန်းတွဲ၊ လေးထပ်အမှုထမ်းအိမ်ရာများ အသစ်ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ငလျင်အပါအဝင် သဘာဝဘေးအန္တရာယ်ထိခိုက်မှုမရှိအောင် သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ဆက်လက်ကျင်းပ၊ မဲဆန္ဒရှင်ပြည်သူများက စိတ်အားထက်သန်စွာ ဆန္ဒမဲပေး

**ရန်ကုန် ဇန်နဝါရီ ၁၁**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတ်မှတ်ထားသည့် မဲရုံအသီးသီးတွင် ယနေ့နံနက် ၆ နာရီမှစတင်၍ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက စိတ်အားထက်သန်စွာ လာရောက်ဆန္ဒမဲပေးကြသည်။



ရန်ကုန်တိုင်းဒေသကြီးပန်းဘဲတန်းမြို့နယ် အမှတ်(၆)ရပ်ကွက် မဲရုံ(၁)တွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှု မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့်အဖွဲ့ ကြည့်ရှုလေ့လာစဉ်။



ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၆)ရပ်ကွက် မဲရုံ(၁)တွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှု မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူးကြီးနှင့်အဖွဲ့ ကြည့်ရှုလေ့လာစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် မဲရုံအမှတ်(၁) တွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှု မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့်အဖွဲ့ ကြည့်ရှုလေ့လာကြစဉ်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟန်း၊ ပန်းဘဲတန်း၊ လသာ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒေါပုံ၊ ပုဇွန်တောင်၊ လှိုင်၊ ရွှေပြည်သာ၊ ထန်းတပင်၊ လှည်းကူး၊ တောင်ဥက္ကလာပ၊ ကိုကိုးကျွန်း၊ ကြည့်မြင်တိုင်နှင့် အင်းစိန်မြို့နယ်တို့တွင် မဲရုံ ၁၁၇၁ ရုံ ဖွင့်လှစ်ကျင်းပခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၉)ရပ်ကွက် မဲရုံအမှတ်(၁)တွင် မဲဆန္ဒရှင်ပြည်သူများ လာရောက်ဆန္ဒမဲပေးကြစဉ်။

ရန်ကုန် တိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပနေမှုများကို ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများက လွတ်လပ်စွာ သတင်းရယူလျက်ရှိပြီး ရန်ကုန်မြို့အခြေစိုက်နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ပြည်တွင်းမှ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့များက မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲလာရောက်ပေးနေမှု အခြေအနေကို စောင့်ကြည့်လေ့လာကြသည်။

ယခုကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဖြစ်စေရန် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM)ကို စတင်အသုံးပြုပြီး တိုင်းဒေသကြီးအတွင်းရှိ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာမဲရုံမှူးများနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ကမာရွတ်၊ ကျောက်တံတား၊ တိုက်ကြီး၊ တွံတေး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဗိုလ်တထောင်၊ မရမ်းကုန်း၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ သဃ်္ဃန်းကျွန်း၊ သန်လျင်နှင့် အလုံမြို့နယ်တို့တွင် မဲရုံ ၁၃၁၃ ရုံ ဖွင့်လှစ်ကျင်းပခဲ့ပြီးဖြစ်သည်။

လာမည့် ဇန်နဝါရီ ၂၅ ရက်တွင်လည်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ဒဂုံ၊ လမ်းမတော်၊ ဆိပ်ကြီး/ခနောင်တို၊ ဒလ၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ မြောက်ဥက္ကလာပ၊ တာမွေ၊ ရန်ကင်း၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ စမ်းချောင်း၊ လှိုင်သာယာ (အနောက်ပိုင်း)နှင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်များတွင် မဲရုံ ၁၃၀၀ ဖွင့်လှစ်ကာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်း ဒေသကြီးအတွင်း မြို့နယ်ပေါင်း ၄၅ မြို့နယ်၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၉၃၈၈၂၃ ဦး အတွက် မဲရုံပေါင်း ၃၇၈၄ ရုံ ဖွင့်လှစ်ကာ နိုင်ငံရေးပါတီပေါင်း ၂၀ နှင့် တစ်သီးပုဂ္ဂလ ၄၆ ဦး စုစုပေါင်း လွှတ်တော် ကိုယ်စားလှယ်လောင်း ၉၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးခင်ဇော် ဝိုင်းမော်မြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)အတွက် မဲဆန္ဒရှင်ပြည်သူများ တည်ငြိမ်အေးချမ်းစွာ ဆန္ဒမဲပေးနေမှုများ လှည့်လည်ကြည့်ရှုစစ်ဆေး

**ဝိုင်းမော် ဇန်နဝါရီ ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးခင်ဇော်သည် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၆ နာရီတွင် ဝိုင်းမော်မြို့နယ်အတွင်း မဲရုံ (၂၉)ရုံ ဖွင့်လှစ်၍ မဲဆန္ဒရှင်ပြည်သူများ သက်ဆိုင်ရာမဲရုံအသီးသီး၌ တည်ငြိမ်အေးချမ်းစွာ ဆန္ဒမဲပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်တာဝန်ခံ ဦးခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားရှိသည့် မဲရုံအမှတ် (၃၉)နှင့် မဲရုံအမှတ် (၄၄)သို့ ရောက်ရှိပြီး ကျေးရွာနေပြည်သူများ တည်ငြိမ်အေးချမ်းစွာ စနစ်တကျဆန္ဒမဲပေးနေမှု အခြေအနေများကို လှည့်လည်စစ်ဆေးပြီး ပြည်သူများ အဆင်ပြေချောမွေ့စွာမဲပေးနိုင်ရေး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထိုမှတစ်ဆင့် ပြည်နယ်တာဝန်ခံသည် နောင်တာလောကျေးရွာအတွင်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ဖွင့်လှစ်ထားသော မဲရုံအမှတ် (၃၈)၊ ရပ်ကွက်(၁)အတွင်း အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားသော မဲရုံအမှတ် (၁)နှင့် အမှတ်(၄) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ဖွင့်လှစ်ထားရှိသော မဲရုံအမှတ် (၂)၊ ရပ်ကွက် (၄) အတွင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သာဂရတွင် ဖွင့်လှစ်ထားသော မဲရုံအမှတ်(၆)နှင့် မဲရုံအမှတ် (၇)၊ ရပ်ကွက် (၃)အတွင်း အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားသော မဲရုံအမှတ် (၂၇)နှင့် မဲရုံအမှတ်(၂၈)၊ မိုင်းနားကျေးရွာအုပ်စု မခေါယန်ကျေးရွာအတွင်း အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံအမှတ် (၄၀) တို့၌ ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းစွာ ဆန္ဒမဲပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများ၊ မဲရုံတာဝန်ရှိဝန်ထမ်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပ မန္တလေးတိုင်းဒေသကြီး မြို့နယ်ကိုးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲပေးကြ

**မန္တလေး ဇန်နဝါရီ ၁၁**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂)ကို ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရွေးကောက်ပွဲကျင်းပရန်ကြေညာထားသည့် မြို့နယ်ပေါင်း ၁၀၀ ၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ တစ်ချိန်တည်းတစ်ပြိုင်တည်းကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သတ်မှတ်မဲရုံအသီးသီး၌ စိတ်အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲများပေးကြသည်။



ကိုထွန်းထွန်းဝင်း



ဦးထွန်းဦး



ဒေါ်အိအိသိမ့်



မမေမီဝင်း



ဒေါ်ယဉ်ယဉ်မြင့်



ကိုခန့်ဟိန်း

"ဒီနေ့မဲပေးရတာ အားလုံးအဆင်ပြေပါတယ်။ မဲပေးစက်နဲ့ပေးခဲ့ရတဲ့အတွက် စိတ်တိုင်းကျမှုရှိပါတယ်။ မဲရုံတာဝန်ရှိသူတွေက ကျွန်တော်တို့လို မဲလာရောက်ပေးတဲ့သူတွေ အခက်အခဲမရှိအောင် ကူညီဆောင်ရွက်ပေးပါတယ်။ မဲပေးတာက ကျွန်တော့်အတွက် ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ မဲပေးပြီးတဲ့ နောက်မှာလည်း စိတ်ထဲမှာ ပျော်ရွှင်မိပါတယ်။ ပြည်သူတွေ မဲပေးရွေးချယ်ခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ နိုင်ငံအတွက်အကောင်းဆုံး ဆောင်ရွက်ပေးစေချင်ပါတယ်။ မင်စွန်းနေတဲ့ လက်ကိုကြည့်ပြီး ပျော်ရွှင်မိပါတယ်" ဟု မဲလာရောက်ပေးသည့် ကိုထွန်းထွန်းဝင်းက ပြောကြားသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်များ၌ မဲရုံများကို နံနက် ၆ နာရီမှစတင်၍ စနစ်တကျဖွင့်လှစ်ပေးရာ မဲဆန္ဒရှင်ပြည်သူများက စိတ်အားထက်သန်စွာဖြင့် မဲရုံ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း ဆန္ဒမဲများ လာရောက်ပေးကြပြီး မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ မဲပေးနိုင်ရန် မဲရုံတာဝန်ကျ ဝန်ထမ်းများနှင့် တာဝန်ရှိသူများကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

"ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ မဲရုံတွေအားလုံးကို အဆင်သင့်ဖြစ်အောင် ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ထားပါတယ်။ ဆန္ဒမဲပေးတဲ့ ပြည်သူတွေအတွက် ရေသန့်ဘူးတွေနဲ့ အစားအစာတွေကိုလည်း ဆောင်ရွက်ပေးထားပါတယ်။ ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ မဲရုံတိုင်းမှာ သယ်ယူပို့ဆောင်ရေးအတွက် ကားတွေအဆင်သင့်ပြင်ဆင်ထားပါတယ်။ ပြည်သူတွေ တန်းစီစောင့်ဆိုင်းရတာ မကြာအောင် စီမံဆောင်ရွက်ထားပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲအပိုင်း(၂) မှာ ပြည်သူတွေအနေနဲ့ အားကြိုးမာန်တက် ဆန္ဒမဲပေးကြဖို့ ဖိတ်ခေါ်လိုပါတယ် "ဟု အမရပူရမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းဦးက ပြောကြားသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲ အပိုင်း(၂)တွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အမရပူရမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံတားဦးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့် သာစည်မြို့နယ် စသည့် မြို့နယ်ကိုးမြို့နယ်ပါဝင်ပြီး အဆိုပါမြို့နယ် ကိုးမြို့နယ်ရှိ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၀ သိန်းကျော်အတွက် မဲရုံပေါင်း ၁၀၈၃ ရုံကို စနစ်တကျဖွင့်လှစ်ထားရှိကာ နိုင်ငံရေးပါတီ ကိုးခုနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်သုံးဦးတို့ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံကြကြောင်း သိရသည်။

"ကျွန်မတို့ မဲရုံမှာတော့ ကြိုတင် ပြင်ဆင်မှုတွေအားလုံး ပြုလုပ်ထားပါတယ်။ မဲပေးစက် ၁၀ လုံးရှိပြီး ဆန္ဒမဲပေးမယ့် အရေအတွက်ကတော့ ၄၁၄၃ ဦးရှိပါတယ်။ အမရပူရမြို့နယ်မှာတော့ မဲရုံပေါင်း ၁၀၀ ရှိပါတယ်။ မှန်တန်းရပ်ကွက်မှာတော့ မဲရုံ ၁၁ ရုံ ရှိပါတယ်။ မဲလာရောက်ပေးတဲ့သူတွေ အဆင်ပြေစေဖို့ တာဝန်တွေထပ်တိုးပြီး ဆောင်ရွက်ပေးထားပါတယ်။ ပြည်သူတွေအတွက် ရေသန့်ဘူးတွေနဲ့ မုန့်တွေလည်း စီစဉ်ပေးထားပါတယ်။ ဒါကြောင့် မဲရုံမှာ ပြည်သူများစိတ်အေးချမ်းသာစွာနဲ့ လာရောက်မဲပေးနေကြပါပြီ" ဟု အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ မဲရုံအမှတ် (၇) တွင် တာဝန်ကျသည့် မဲရုံမှူး ဒေါ်အိအိသိမ့်က ပြောပြသည်။

ယခု ရွေးကောက်ပွဲတွင် မဲမသမာမှုများ ကင်းစင်စေရန်နှင့် မဲပေးမှုလုပ်ငန်းစဉ်များ ပိုမိုတိကျမြန်ဆန်စေရန်အတွက် မြန်မာအီလက်ထရောနစ် မဲပေးစက်ကို အသုံးပြုသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့နှစ်သက်သည့် နိုင်ငံရေးပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းကို လွယ်ကူလျင်မြန်စွာ ဆန္ဒမဲပေးနိုင်ခဲ့ကြသည်။

"ဆန္ဒမဲပေးရတာ အဆင်ပြေပါတယ်။ မဲပေးတဲ့နေ့မှာ အလုပ်ရှိနေလို့ မနက်အစောကြီးထပြီး မဲအရင်လာပေးတာဖြစ်ပါတယ်။ မဲပေးတဲ့စက်နဲ့ မဲပေးရတာမို့ အဆင်ပြေပါတယ်။ အခက်အခဲမရှိပါဘူး။ မဲပေးပြီးတော့ စိတ်ထဲမှာ နိုင်ငံသား တစ်ယောက်အနေနဲ့ တာဝန်ကျေတဲ့ ခံစားမှုမျိုးရပါတယ်။ ကိုယ်မဲပေးခဲ့သူတွေ ကိုယ်စားလှယ်အဖြစ် အရွေးခံခဲ့ရရင် နိုင်ငံနဲ့ပြည်သူအတွက် အထောက်အကူ ပြုမယ်လို့ ယုံကြည်ပါတယ်။ မဲပေးခဲ့တဲ့ လက်သန်းမှာ မင်စွန်းနေတာကိုကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်" ဟု မဲလာရောက်ပေးသည့် မမေမီဝင်းက ပြောသည်။

ထိုသို့ ပြည်သူများ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ် အဆင်ပြေချောမွေ့ လျင်မြန်စေရန်အတွက် မဲရုံအမှတ်၊ မဲရုံအမှတ်စဉ်များ ကြိုတင်ဖြန့်ဝေပေးခြင်း၊ တာဝန်ရှိသူများက Tablet ဖြင့် ရှာဖွေပေးခြင်းနှင့် မဲစာရင်းစစ်ဆေးရာတွင် ကြန့်ကြာမှုမဖြစ်စေရေး အတန်းလိုက်၊ တာဝန်ခွဲဝေ၍ ရှာဖွေပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည့်အတွက် မဲဆန္ဒရှင်ပြည်သူများ စိတ်ချမ်းမြေ့စွာ ဆန္ဒမဲပေးနိုင်ခဲ့သည်ကိုလည်း တွေ့မြင်ရသည်။

"ဒီနေ့ လာရောက်မဲပေးတဲ့အခါမှာ မဲပေးစက်နဲ့ စနစ်တကျ ခလုတ်ကလေးနှိပ်ပြီး အဆင်ပြေစွာနဲ့ မဲပေးခဲ့ရပါတယ်။ မဲပေးစက်အပေါ်မှာလည်း ယုံကြည်မှုအပြည့်အဝရှိပါတယ်။ မဲပေးပြီးတဲ့အခါ ကျွန်မတို့ မြန်မာနိုင်ငံကြီး အေးချမ်းသွားဖို့ဆိုတဲ့ စိတ်ဖြစ်ပေါ်လာတဲ့အတွက် စိတ်ထဲမှာပေါ့သွားသလို ခံစားရပါတယ်။ မဲပေးတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရတာလည်း အဆင်ပြေပါတယ်။ မင်စွန်းနေတဲ့ လက်သန်းကိုကြည့်ပြီး ဂုဏ်ယူမိပါတယ်" ဟု မဲလာရောက်ပေးသည့် ဒေါ်ယဉ်ယဉ်မြင့်က ပြောသည်။

သက်ဆိုင်ရာမဲရုံများအလိုက် ပြည်သူများ ဆန္ဒမဲပေးကြပြီး မဲရုံများ ပိတ်သိမ်းပြီးသည့်အခါ မဲပေးစက်မှထွက်ရှိလာသော ရလဒ်များကို သက်ဆိုင်ရာမဲရုံအသီးသီးတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ၊ ပြည်တွင်းမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၏ ရှေ့မှောက်၌ မဲရေတွက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

"ကျွန်တော့်အတွက် ပထမဆုံးမဲပေးရတဲ့ ရွေးကောက်ပွဲဖြစ်ပါတယ်။ ဒါကြောင့် မဲပေးရတာ ဝမ်းသာမိပါတယ်။ မဲပေးစက်နဲ့ မဲပေးရတာ အဆင်ပြေသလို တာဝန်ရှိသူတွေက လိုအပ်တာကို ကူညီ ဆောင်ရွက်ပေးပါတယ်။ မဲပေးစက်အပေါ်မှာလည်း ယုံကြည်မှုရှိပါတယ်။ ဒီနေ့မဲပေးပြီးတဲ့အခါ ကိုယ့်ကိုယ်ကိုယ် နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ကျေပွန်သွားပြီလို့ ခံစားလိုက်ရပါတယ်။ ကျွန်တော်တို့လူငယ်တွေအနေနဲ့ ကိုယ်မဲပေးလိုက်တဲ့ ကိုယ်စားလှယ် အနိုင်ရသွားခဲ့ရင် နိုင်ငံရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ အားကစားကဏ္ဍတွေ တိုးတက်အောင် ဆောင်ရွက်စေလိုပါတယ်။ နိုင်ငံကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု မဲလာရောက်ပေးသည့် ကိုခန့်ဟိန်းက ပြောသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်နေရာတို့အတွက် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စား လှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံခဲ့ကြကြောင်း သိရသည်။

**မောင်အေးချမ်း**

# ရွေးကောက်ပွဲကနေ နိုင်ငံကောင်းဖို့အတွက် ရလဒ်ကောင်းတွေ ဖြစ်စေချင်ပါတယ်

**မောင်လင်းသက်အောင်(ဇဟန်းမြို့နယ်)**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်၌ ယနေ့ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများသည် မဲရုံစတင်ဖွင့်လှစ်သည့် နံနက်ပိုင်းမှစတင်၍ သတ်မှတ် မဲရုံများတွင် စိတ်အားထက်သန်စွာ ဆန္ဒမဲ လာရောက်ပေးကြသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) တွင်ပါဝင်သည့် ဇဟန်း၊ ဒေါပုံနှင့် ပုဇွန်တောင်မြို့နယ်များရှိ မဲဆန္ဒရှင်ပြည်သူများ၏ ယုံကြည်မျှော်လင့်ချက်များ၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်လာစေရန် တာဝန်ရှိသူများ၏ ဆောင်ရွက်ထားရှိမှုများကို သတင်းအဖွဲ့က ကောက်နုတ်ဖော်ပြလိုက်ရပါသည်-



မောင်စည်သူထွန်း



မအေးအေးငြိမ်း



မယွန်းနဒီမျိုးအောင်



မလှလွန်းခိုင်



ကိုအောင်မိုး



မစန်းမြင့်မိုရ်


မသန်းသန်းဌေး


မောင်လင်းသက်အောင်


ဒေါ်မြင့်မြင့်နိုင်



ဒေါ်သီတာမျိုး



ဒေါ်သင်းသင်းမော်


ဒေါ်အိအိမွန်



ဒေါ်စန္ဒာဌေး


ဦးသိန်းထွန်းဦး

**မောင်စည်သူထွန်း (ဇဟန်းမြို့နယ်)**

ကျွန်တော်က ပထမဆုံး အကြိမ် မဲပေးရတဲ့အတွက် စိတ်လှုပ်ရှားပြီး ပျော်ပါတယ်။ အဖေနဲ့ အဒေါ်တွေနဲ့အတူ လာရောက်မဲပေးတာပါ။ မဲရုံထဲ စဝင်တာနဲ့ မဲစာရင်းနံပါတ်ရယ်၊ မှတ်ပုံတင်ရယ်ပြပြီး လက်မှတ် ထိုးရတယ်။ ပြီးတဲ့အခါ မိမိကြိုက်တဲ့ ကိုယ်စားလှယ်ကို ခလုတ်နှိပ် ရွေးချယ်ရတယ်။ ရွေးကောက်ပွဲ ပြီးသွားရင် ကုန်ဈေးနှုန်းတွေ လျှော့ကျဖို့ ပြည်သူတစ်ဦးအနေနဲ့ မျှော်လင့်ပါတယ်။

**မအေးအေးငြိမ်း (ဒေါပုံမြို့နယ်)**

ပထမဆုံး မဲပေးရတာဖြစ်တဲ့ အတွက် ရင်ခုန်စိတ်လှုပ်ရှားရပါ တယ်။ လွှတ်တော်နေရာ သုံးနေရာမှာ ကိုယ်ကြိုက်တဲ့ပါတီ ကို မဲပေးရတာဖြစ်တဲ့အတွက် စိတ်ထဲပျော်ရွှင်ပြီး နိုင်ငံသား တစ်ဦးရဲ့ မဲတစ်ပြားဟာ ကိုယ်စား လှယ်လောင်း တစ်ဦးအတွက် အရေးပါသလို ကျွန်မတို့လိုလူငယ် တွေအတွက်လည်း တန်ဖိုးကြီးမား တဲ့ မဲတစ်ခုဖြစ်တယ်ဆိုတာ မဲထည့်နေရင်း စဉ်းစားမိပါတယ်။ ဒါကြောင့် နိုင်ငံနဲ့ပြည်သူ ပြီးတော့ ကျွန်မတို့ အမျိုးသမီးတွေရဲ့ အနာဂတ်ကို အကောင်းဆုံးပုံဖော် နိုင်မယ့် အစိုးရတစ်ရပ်ကို လိုလား တာကြောင့် နိုင်ငံအတွက် အကောင်းဆုံး စွမ်းဆောင်ပေးနိုင် မယ်လို့ မျှော်လင့်ထားတဲ့ပါတီကို ကျေကျေနပ်နပ်ကြီး မဲပေးခဲ့တာ ပါ။ အထူးသဖြင့် လူငယ်အမျိုးသမီး တွေရဲ့ အနာဂတ်ကို အကောင်းဆုံး ဆောင်ရွက်ပေးနိုင်မယ်လို့ ယုံကြည် ထားပါတယ်။

**မယွန်းနဒီမျိုးအောင် (ပုဇွန်တောင်မြို့နယ်)**

ကျွန်မအနေနဲ့ ပထမဆုံး မဲပေးရတာ ဖြစ်တဲ့အတွက် စိတ်လှုပ်ရှားရပေမယ့် ကိုယ် ကြိုက်တဲ့ပါတီကို မမှားအောင် မဲပေးခဲ့ပါတယ်။ နိုင်ငံကို ပိုပြီး တိုးတက်ဖွံ့ဖြိုး စေချင်တယ်။ အာဆီယံနိုင်ငံတွေ ကြားမှာ ရင်ပေါင်တန်းပြီး ထင်ပေါ်တဲ့နိုင်ငံ အဖြစ် မြင်ချင်တယ်။ အားကစား ဖြစ်စေ၊ နည်းပညာဖြစ်စေ တိုးတက် စေချင်တယ်။ သမီးတို့ လူငယ်တွေ အနေနဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်သွားဖို့က အသင့်ရှိနေ ပြီးသားပါ။ လူငယ်တွေရဲ့ အလုပ် အကိုင်အခွင့်အလမ်းတွေကို ဖော် ဆောင်ပေးပြီး နိုင်ငံခြားသွားတဲ့ အခါမှာလည်း လွယ်ကူချောမွေ့ စေချင်ပါတယ်။ ကျောင်းမပြီးသေး တဲ့လူငယ်အတွက် ပညာရေး အခွင့်အလမ်းတွေ အခုထက် ပိုပြီး တိုးတက်စေလိုပါတယ်။ ကျွန်မ အနေနဲ့ နိုင်ငံသားတစ်ဦးရဲ့တာဝန် ကို ကျေပွန်သွားတဲ့အတွက် ရင်ထဲ ပေါ့သွားပါပြီ။ မဲယူဆောင်သွားတဲ့ ကိုယ်စားလှယ်လောင်းရဲ့တာဝန်ပဲ ကျန်ပါတော့တယ်။ သမီးတို့ လူငယ် တွေ စောင့်ကြည့်နေပါတယ်။

**မလှလွန်းခိုင်(ဇဟန်းမြို့နယ်)**

ကျွန်မကတော့ အခုအကြိမ်နဲ့ ဆိုရင် ဒုတိယအကြိမ် မဲပေးခြင်း ဖြစ်ပါတယ်။ မဲရုံထဲကို ဝင်လိုက် တယ်ဆိုရင်ပဲ မိမိရဲ့ မဲစာရင်း နံပါတ်ကိုပြောပြီး မှတ်ပုံတင်နဲ့ တိုက်ဆိုင်စစ်ဆေးပြီးတော့ ဆန္ဒမဲ ပေးမယ့်နေရာကိုသွားပြီး မိမိ ရွေးချယ်ချင်တဲ့ ကိုယ်စားလှယ် လောင်းရဲ့နေရာမှာ စက်ခလုတ် နှိပ်ပြီး ရွေးချယ်ရပါတယ်။ အခု မဲပေးခြင်းက ရိုးရှင်းပါတယ်။ အခုလို မဲပေးရတဲ့အတွက် ကျေနပ်ပါတယ်။ အကောင်းဆုံး ပြောင်းလဲပါစေလို့ မျှော်လင့် ပါတယ်။

**ကိုအောင်မိုး(ဒေါပုံမြို့နယ်)**

နိုင်ငံသား တစ်ဦးအနေနဲ့ မဲပေးနိုင်ဖို့မနက်စောစောကတည်း က လာရောက်စောင့်ဆိုင်းခဲ့တာ ပါ။ ပြည်သူတစ်ဦးအနေနဲ့ မဲပေး ရမယ့် တာဝန်လည်းရှိပါတယ်။ စက်နဲ့မဲပေးရတာ အဆင်ပြေပါ တယ်။ ကျွန်တော်တို့ မဲပေးလိုက် တဲ့ပါတီဟာ လူငယ်တွေရဲ့ ပညာ ရေး၊ ကျန်းမာရေးနဲ့ နိုင်ငံတကာ မှာ ရင်ပေါင်တန်းနိုင်ပြီး တိုင်းပြည် ရဲ့အနာဂတ်ကို လက်ဆင့်ကမ်း အမွေပေးနိုင်မယ့် ပါတီတစ်ခု ဖြစ်တယ်လို့ ယုံကြည်တဲ့အတွက် အားပါးတရ မဲပေးခဲ့ပါတယ်။

**မစန်းမြင့်မိုရ်(ဇဟန်းမြို့နယ်)**

အခုက မဲပေးစက်က မီးစိမ်း လာတာနဲ့ ကိုယ်ပေးချင်တဲ့လူကို မဲပေးရတာမို့ လွယ်ကူအဆင်ပြေ ပါတယ်။ ရွေးကောက်ပွဲပြီးတဲ့အခါ အဓိကကတော့ နိုင်ငံတော်ကို အစစအရာရာ ဖွံ့ဖြိုးတိုးတက်စေ ချင်တယ်။

**မသန်းသန်းဌေး(ဒေါပုံမြို့နယ်)**

နိုင်ငံသား တစ်ဦးအနေနဲ့ အခွင့်အရေး မဆုံးရှုံးအောင်နဲ့ နိုင်ငံကြီးပွားတိုးတက်ဖို့စွမ်းဆောင် နိုင်မယ့်ပါတီကို လာရောက်မဲပေး တာပါ။ ဒီတစ်ကြိမ် မဲပေးရတာ ပိုပြီးအဆင်ပြေတယ်။ မိမိနှစ် သက်တဲ့ပါတီကို မြန်မြန်ဆန်ဆန် စက်ခလုတ်နှိပ်ပြီး မဲပေးရတာ ဖြစ်တဲ့အတွက် ပိုပြီးမြန်ဆန် တယ်။ ကျွန်မတို့အမျိုးသမီး တွေ ရပိုင်ခွင့်ရှိတဲ့ အရာတွေကို စွမ်းဆောင်ပေးနိုင်မယ့် ပါတီကို ရွေးချယ်ပြီး မဲပေးနိုင်ခဲ့ပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေ ခံစားနေရတဲ့ ကုန်ဈေးနှုန်း ကို လျှော့ချဆောင်ရွက်ပေးနိုင်ဖို့ အတော်လေး မျှော်လင့်ထားပါ တယ်။ ကျွန်မလိုပဲ အခြားသော အိမ်ရှင်မများလည်း ထပ်တူကျ လိမ့်မယ်လို့ထင်ပါတယ်။

**မောင်လင်းသက်အောင် (ဇဟန်းမြို့နယ်)**

ပထမဆုံးအနေနဲ့ မဲပေးတာ ပါ။ တန်းစီပြီး မဲရုံထဲစဝင်တဲ့အခါ မဲစာရင်းနံပါတ်ပြ၊ မှတ်ပုံတင်ပြ လက်မှတ်ထိုးပြီး စက်နဲ့ မဲထည့်ရ တယ်။ လွယ်ကူအဆင်ပြေပါ တယ်။ ရွေးကောက်ပွဲကနေ နိုင်ငံ ကောင်းဖို့အတွက် ရလဒ်ကောင်း တွေ ဖြစ်စေချင်ပါတယ်။

**ဒေါ်မြင့်မြင့်နိုင် (ပုဇွန်တောင်မြို့နယ်)**

ကျွန်မတို့ မဲပေးခွင့်ရတာ ဝမ်းသာမိပါတယ်။ နိုင်ငံအကျိုးနဲ့ အိမ်ရှင်မတွေရဲ့ဘဝကို စာနာ နားလည်ပြီး အမျိုးသမီးတွေရဲ့ ကိုယ်ပိုင်အခွင့်အရေးနဲ့ မီးဖိုချောင် သက်သာချောင်ချိရေးကို ဆောင် ရွက်ပေးနိုင်မယ့် ပါတီကို မဲပေးခဲ့ပါ တယ်။ လူမျိုးဘာသာမခွဲခြားဘဲ အခွင့်အရေး တန်းတူပေးနိုင်မယ် လို့ယုံကြည်ရတဲ့ပါတီကိုစက်ခလုတ် နှိပ်ခဲ့တာပါ။ မြန်မာပြည်တွင်းမှာ ရှိတဲ့ တိုင်းရင်းသားလူမျိုးအားလုံး အေးအတူပူအမျှ မျှဝေခံစား နေထိုင်ကြတဲ့ဘဝကို မျှော်လင့်တဲ့ အတွက် ယုံကြည်စွာ ဆောင်ရွက် ပေးနိုင်မယ့် ကိုယ်စားလှယ်လောင်း ကိုပဲ မဲပေးခဲ့တာပါ။

**ဒေါ်သီတာမျိုး (ဇဟန်းမြို့နယ်)**

နံနက်အစောပိုင်းမှာ ဆန္ဒမဲ လာရောက်ပေးတဲ့အတွက် အားလုံး အဆင်ပြေပါတယ်။ အရင်တုန်းက ဘောပင်၊ စာရွက်ကိုင်ပြီး ဆန္ဒမဲ ပေးရတယ်။ အခုက ကိုယ်ရွေးချယ် ချင်တဲ့ ကိုယ်စားလှယ်ကို ခလုတ် နှိပ်လိုက်ရုံနဲ့ ရွေးချယ်ပြီးသား ဖြစ်သွားတဲ့အတွက် အဆင်ပြေ တယ်။ ဒါကပိုပြီးလွယ်ကူပါတယ်။

**ဒေါ်သင်းသင်းမော် (အလက(၂) ဇဟန်းမဲရုံမှူး)**

အခုမဲရုံမှာ မဲပေးနိုင်သူဦးရေ ၁၃၅၆ ဦး ရှိပါတယ်။ မဲရုံစတင် ဖွင့်လှစ်ချိန်မှာ လူဦးရေနည်းနေ ပေမယ့် အခု နံနက် ၆ နာရီနဲ့ ၇ နာရီကြားမှာ ဆန္ဒမဲပေးသူတွေ တဖွဲဖွဲနဲ့ ရောက်ရှိလာတာ တွေ့ရ ပါတယ်။ မဲရုံပိတ်သိမ်းချိန် ၄ နာရီ သတ်မှတ်ထားပေမယ့် မဲရုံပရဝဏ် အတွင်း ရောက်ရှိနေသူတွေအနေ နဲ့ ဆန္ဒမဲပေးနိုင်ပါတယ်။ ကျန်းမာ ရေး၊ လုံခြုံရေးကအစ ဆန္ဒမဲ လာရောက်ပေးတဲ့သူတွေအဆင်ပြေ စေဖို့ ဆောင်ရွက်ထားရှိပါတယ်။

**ဒေါ်အိအိမွန် (အမှတ်(၂)မဲရုံမှူး၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်)**

ကျွန်မက မြို့သစ်ရပ်ကွက် ဒေါပုံမြို့နယ် အမှတ်(၂)မဲရုံရဲ့ မဲရုံမှူးပါ။ အခုမဲရုံမှာ ၁၂၆၉ ဦး ဆန္ဒမဲပေးသွားမှာဖြစ်ပြီး မနက် ၅ နာရီကတည်းက မဲပေးမယ့် ပြည်သူတွေ စောင့်ဆိုင်းနေတာ တွေ့ရပါတယ်။ အများပြည်သူ ဆန္ဒမဲပေးရာမှာ မြန်ဆန်လွယ်ကူ စွာ အဆင်ပြေချောမွေ့အောင် တာဝန်ရှိသူတွေက စီစဉ်ဆောင် ရွက်ပေးထားပါတယ်။ မဲရုံမှာ ပြည်သူ့လွှတ်တော်အတွက် ပါတီ ခြောက်ခု၊ အမျိုးသားလွှတ်တော် အတွက် ပါတီရှစ်ခု၊ တိုင်းဒေသ ကြီးလွှတ်တော်အတွက် ပါတီ ငါးခုနဲ့ ကရင်နဲ့ ရခိုင်တိုင်းရင်းသား ရေးရာ ဝန်ကြီးနေရာများအတွက် သက်ဆိုင်ရာ တိုင်းရင်းသားတွေ က ဆန္ဒမဲပေးကြပြီး မနက် ၆ နာရီ ကနေ ညနေ ၄ နာရီအထိ ဆန္ဒမဲ ပေးနိုင်အောင် ဆောင်ရွက်ပေး ထားပါတယ်။

**ဒေါ်စန္ဒာဌေး (အမှတ်(၁)မဲရုံမှူး၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်)**

အများပြည်သူ သက်သောင့် သက်သာနဲ့ မဲပေးနိုင်အောင် အားလုံးပြင်ဆင် ဆောင်ရွက်ထား ပြီး မဲစာရင်းစစ်တဲ့အခါမှာလည်း ရှင်းလင်းလွယ်ကူအောင် နှစ်ဆိုင်း ခွဲပြီး ဆောင်ရွက်ပေးထားပါ တယ်။ မဲပေးစက်တွေ ကောင်းမွန် တာကြောင့် အများပြည်သူ မဲပေး ရာမှာ အဆင်ပြေကြပါတယ်။ ကျွန်မတို့မဲရုံကို ဖိလစ်ပိုင်သံရုံး က လာရောက်ကြည့်ရှုလေ့လာ ပြီး မှတ်တမ်းတင်ပေးတဲ့အတွက် ကျေးဇူး အထူးတင်ပါတယ်။ ပုဇွန်တောင်မြို့နယ် မဲရုံအမှတ်(၁) မှာ မဲပေးပြည်သူ ၁၁၄၇ ဦး ရှိပါ တယ်။ မနက်ပိုင်းကစပြီး တဖွဲဖွဲလာပြီး မဲပေးနေကြ ပါတယ်။

**ဦးသိန်းထွန်းဦး ( ပုဇွန်တောင်(၁၀)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး)**

ဒီနေ့ အများပြည်သူမဲပေးရာ မှာ အဆင်ပြေချောမွေ့အောင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး မဲပေးနိုင်အောင် ဆောင်ရွက်ထား တဲ့အတွက် အားလုံးလာပြီး မဲပေး နေတာကို တွေ့ရမှာပါ။ လုံခြုံရေး ပိုင်းဆိုင်ရာ အပြည့်အဝရှိတဲ့ အတွက် ဆန္ဒမဲပေးတဲ့ ပြည်သူတွေ စိတ်အေးချမ်းသာစွာ မဲပေးကြပါ တယ်။ အသက် ၁၈ နှစ်ကစပြီး အသက်၇၀ ကျော်အထိလာရောက် မဲပေးနေကြတာဟာ နိုင်ငံဖွံ့ဖြိုး တိုးတက်ဖို့ အားကိုးတကြီးရှိနေ တယ်ဆိုတာ မြင်ရမှာပါ။ ပြည်သူ တွေ မျှော်လင့်တောင့်တနေတဲ့ အစိုးရသစ်တစ်ရပ် ပေါ်ထွန်းလာ မယ်လို့ အားလုံးမျှော်လင့်ထား ကြပါတယ်။

**အင်တာဗျူး - ငြိမ်းသူ၊ ကျော်ကြီး**
**ဓာတ်ပုံ - ဖွဲ့မာန်၊ သီဟ**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်

**မေး။ ။ ရွေးကောက်ပွဲပထမပိုင်းမှာ ၅၂ ရာခိုင်နှုန်းကျော် မဲပေးခဲ့တယ်လို့ သိရှိရပါတယ်။ မဲပေးရာမှာ ပြည်သူပြည်သားတွေ ပါဝင်အောင်လို့ ဘယ်လိုလုံခြုံရေးအစီအမံတွေ လုပ်ခဲ့လဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ အဓိကတော့ ကျွန်တော်တို့က ရွေးကောက်ပွဲအပိုင်း (၁) မှာ ပြည်သူတွေ မဲပေးတာ၊ ပြည်သူတွေ မဲပေးတာ ကြည့်ရတာ တော်တော်လေးအားရဖွယ်ကောင်းတယ်။ ကျွန်တော် ပြောခဲ့သလိုပဲ ဒါဟာအစိုးရရဲ့အောင်ပွဲလည်း မဟုတ်ဘူး။ ပြည်သူ့အောင်ပွဲ။ ဒီမိုကရေစီလိုလားတဲ့ ပြည်သူတွေ၊ ငြိမ်းချမ်းမှုကို လိုလားတဲ့ပြည်သူတွေရဲ့ အောင်ပွဲပါ။ အခု အပိုင်း (၂) မှာလည်း ခင်ဗျားတို့ ကျွန်တော်တို့ တွေ့ကြတာပဲ။ အပိုင်း (၂) မှာလည်း ရန်ကုန်မြို့ကို ရောက်နေတဲ့ နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် ဒီနေ့မဲရုံတွေကို လိုက်ကြည့်တယ်။ကြည့်တဲ့ အခါမှာလည်း တော်တော့်ကို တက်တက်ကြွကြွမဲပေးနေကြတာကို မြင်တွေ့ခဲ့ရမှာပဲ။ ဥပမာ- ဗိုလ်ချုပ်မှူးကြီး ကိုယ်တိုင်လည်း ပြည်သူတွေနဲ့တွေ့ဆုံပြီး မေးမြန်းခဲ့တယ်။ မေးမြန်းခဲ့တဲ့အခါမှာလည်း ခင်ဗျားတို့ ကျွန်တော်တို့မြင်လိမ့်မယ်။ မဲပေးစက်နဲ့ပတ်သက်ပြီးလည်း မဲပေးတဲ့ပြည်သူတွေကို သူကိုယ်တိုင်မေးတယ်။ ခင်ဗျားနှိပ်တဲ့ ခလုတ်အတိုင်း စက္ကူကထွက်လားဆိုတော့ ထွက်တယ်ပေ့ါနော်။ ဒါဟာ ပွင့်လင်းမြင်သာတဲ့ဟာပါပဲဗျ။ နောက်တစ်ခုကတော့ တချို့ဆိုရင် မနက် ၄ နာရီကတည်းကထပြီး မဲပေးကြရတာ။ အပိုင်း (၂) မှာလည်း ညနေမဲစာရင်းတွေပြီးရင်တော့ ထွက်လာမှာပေ့ါဗျာ။ အောင်မြင်မယ်လို့ ယုံကြည်တယ်။ အပိုင်း (၃) မှာလည်း အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ အရင်တုန်းက ၁၉၅၂ ခုနှစ်မှာ ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲလုပ်ခဲ့တယ်။ အပိုင်းသုံးပိုင်းခွဲပြီး လုပ်တာ ၅ လလောက်ကြာတယ်။ အပိုင်းတစ်ပိုင်းကို (၇) ရက်လောက်၊ (၁၀) ရက်လောက်ကြာတယ်။ အဲဒီမှာ မဲပေးခွင့်ရှိတဲ့သူ ၈ သန်းမှာ ၁ ဒသမ ၅ သန်းပဲ ပေးတာဆိုတော့ ၂၀ ရာခိုင်နှုန်းလောက်အထိ ရောက်သွားတယ်။ အခုတော့ ကျွန်တော်တို့နိုင်ငံမှာ မဲပေးတာနဲ့ပတ်သက်ပြီး တချို့ပြောနေကြတာတွေရှိတယ်။ မဲပေးတာနဲ့ပတ်သက်ပြီး မဲမပေးဖို့လှုံ့ဆော်နေကြတာတွေရှိတယ်။ အတိုက်အခံလုပ်ကြတာပေ့ါ။ ဘယ်လိုပဲပြောပြော ဒီမိုကရေစီစနစ်ကို ထူထောင်တဲ့နေရာမှာ ရွေးကောက်ပွဲကနေပဲတစ်ဆင့် ဖြတ်သန်းရမှာဖြစ်တယ်။ ဒီနေ့ပြောချင်တာကတော့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး စိတ်ပါဝင်စားစွာ လုပ်ဆောင်ပေးတဲ့၊ လာပြီးမဲပေးတဲ့ ပြည်သူပြည်သားတွေအားလုံး၊ ပြီးရင် မဲရုံမှာကြီးကြပ်နေတဲ့လူတွေအားလုံး၊ လုံခြုံရေးဝန်ထမ်းတွေအပါအဝင် ကူညီတဲ့လူတွေအားလုံးက ပြည်သူကို စိတ်ချမ်းသာစွာ မဲပေးနိုင်ဖို့လုပ်ပေးတဲ့အတွက် အားလုံးကိုကျေးဇူးတင်ကြောင်း ပြောချင်တယ်။

**မေး။ ။ ရွေးကောက်ပွဲပြီးလို့ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပေါ်လာတဲ့အခါ အိမ်နီးချင်းနိုင်ငံတွေအပါအဝင် နိုင်ငံတကာဆက်ဆံရေး တည်ဆောက်တဲ့အခါမှာ ဘာတွေဘယ်လိုအထိ မျှော်လင့်ထားပါသလဲ။**




ဖြေ။ ။ ကျွန်တော်တို့ကတော့ နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်ပြီးတော့ အခုချိန်မှာတော့ ပိတ်ဆို့တဲ့ဟာတွေ ရှိတာပေ့ါ။ ဒီဟာသည် ရွေးကောက်ခံအစိုးရမဟုတ်တဲ့အတွက် ပိတ်ဆို့တာတွေ ရှိတယ်။ သို့သော် ဆက်ဆံနေတဲ့နိုင်ငံတွေလည်းရှိပါတယ်။ ကျွန်တော်တို့ မိတ်ဆွေနိုင်ငံတွေလည်း အများကြီးရှိတယ်။ ဥပမာဆိုရင် အိမ်နီးချင်းနိုင်ငံတွေနဲ့ဆိုရင် မြန်မာနိုင်ငံနဲ့က ဆက်ဆံနေတာပဲ။ တကယ့်ကို မိတ်ဆွေရင်းချာလိုပဲ ဆက်ဆံနေတာပဲ။ ဒီရွေးကောက်ပွဲပြီးတဲ့အခါမှာတော့ ခုနကပြောတဲ့ ကန့်သတ်ချက်တွေနည်းသွားတဲ့အတွက်ကြောင့် နိုင်ငံတကာဆက်ဆံရေး ပိုပြီးပွင့်လင်းလာမယ်။ ပိုပြီးမြင်သာလာမယ်လို့ပဲ ကျွန်တော်မြင်တယ်။ ရင်းနှီးမြှုပ်နှံမှုတွေလည်း မြန်မာနိုင်ငံမှာ ပိုပြီးဝင်လာမယ်လို့လည်း ကျွန်တော်မျှော်လင့်ပါတယ်ဗျ။ ဒီဟာနဲ့အတူ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေအားလုံးလည်း ပိုပြီးတော့စီးပွားရေးအခွင့်အလမ်းတွေ ပွင့်လင်းလာမယ်လို့ မြင်ပါတယ်။

**မေး။ ။ ရွေးကောက်ပွဲပြီးသွားရင် လွှတ်တော်ခေါ်မယ်၊ အစိုးရဖွဲ့မယ်၊ ပေါ်ပေါက်လာတဲ့အစိုးရသစ်ကို အာဏာလွှဲပြောင်းမှုတွေ လုပ်မယ်။ အဲဒီအချိန်ဇယားက ဘယ်နှလပိုင်းလောက်ဖြစ်မလဲ။ ပုံမှန်ဆိုရင်တော့ ဧပြီမှာ လွှဲတဲ့အခြေအနေမျိုးတွေရှိတာပေ့ါ၊ ဗိုလ်ချုပ်အနေနဲ့ ပြောပြလို့ရနိုင်လား။**

ဖြေ။ ။ လွှတ်တော်ကတော့ မတ်လထဲမှာ ခေါ်ပြီးလုပ်ရမှာပဲ။ လုပ်ပြီးရင် အစိုးရသစ်တာဝန်တွေကတော့ ဧပြီလထဲမှာထမ်းဆောင်မှာပဲ။ ယခင်တုန်းကလုပ်ခဲ့တဲ့ ပုံမှန်ဇယားတွေအတိုင်းပဲ လုပ်ပါလိမ့်မယ်။

**မေး။ ။ ကြိုတင်မဲနဲ့ပတ်သက်ပြီးတော့ နိုင်ငံရေးပါတီများက ဗိုလ်ချုပ်မှူးကြီးကို တင်ပြတောင်းခံထားတာတွေရှိတယ်လို့ သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုတွေ ဆက်လက်လုပ်ဆောင်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ ဒါကတော့ ကော်မရှင်ရဲ့ကိစ္စပဲ။ ကော်မရှင်က လုပ်ပါလိမ့်မယ်။ အဓိကတော့ ကြိုတင်မဲနဲ့ပတ်သက်ပြီး သူတို့ပြောနေတာများတယ်။ ကြိုတင်မဲရေတွက်တဲ့အခါမှာလည်း ကိုယ်စားလှယ်လောင်းတွေ အကုန်လုံးဖိတ်တာပဲ။ ခင်ဗျားတို့လည်း မြင်ပြီးသားပဲ။ ကျွန်တော် သိရသလောက် တချို့ကိုယ်စားလှယ်တွေက မလာဘူး။ မလာဘဲနဲ့ ပြောတာပေ့ါနော်။ ဥပမာဆိုရင် မရမ်းကုန်းဆိုရင် ပထမအကြိမ်မှာ ပြီးသွားပြီ။ ခင်ဗျားတို့ ကျွန်တော်တို့လည်း ကြားခဲ့မှာပဲလေ။ ပုဂ္ဂလိက ကိုယ်စားလှယ်လောင်း ဒေါက်တာခင်ခင်ကျော့ သူဆိုရင် သူကိုယ်တိုင်လည်း ပြောခဲ့တာပဲ။ သူဆိုရင် တော်တော်လေးစားဖို့ကောင်းပါတယ်။ သူရှုံးခဲ့တယ်။ ကြိုတင်မဲတွေရေတွက်တဲ့ နေရာမှာ သူကိုယ်တိုင်လည်း သွားကြည့်တယ်။ သွားကြည့်တဲ့အခါမှာ ဒီလိုပဲ ပွင့်လင်းမြင်သာတာပါပဲ။ အကုန်လုံး ကျွန်တော်တို့က ကွယ်ဝှက်ပြီး လုပ်လို့မရပါဘူး။ ပွင့်လင်းမြင်သာစွာပဲ လုပ်ရတာပဲ။ သို့သော် ချို့ယွင်းချက်လေးတွေ ရှိတာကို ကျွန်တော်တွေ့ရတယ်။ ဘာချို့ယွင်းချက်ရှိတာလည်းဆိုတော့ ကိုယ်စားလှယ်လောင်းတွေကို မဲရေတွက်တဲ့အချိန် ခေါ်တဲ့အခါ မလာတာတွေရှိတယ်။ မလာဘဲနဲ့ ပြောနေတာတွေ ရှိတယ်။ ဒါ ကျွန်တော်တွေ့ခဲ့တဲ့ဟာကိုပဲ ပြောခြင်းဖြစ်ပါတယ်။ တစ်ဖက်သတ် ပြောခြင်းမဟုတ်ပါဘူး။ သို့သော် ချို့ယွင်းချက်တွေလည်း ရှိကောင်းရှိနိုင်တယ်။ ရှိရင်လည်း ကော်မရှင်နဲ့ရှင်းလို့ရပါတယ်။ ကော်မရှင်နဲ့ ပြောလို့ရပါတယ်။ အားလုံးပွင့်လင်းမြင်သာစွာပဲ သူတို့ဆောင်ရွက်ပေးပါလိမ့်မယ်။

**မေး။ ။ ဒီရွေးကောက်ပွဲအပေါ် နိုင်ငံတကာရဲ့အမြင်ကရော ဘယ်လိုရှိပါသလဲ။**

ဖြေ။ ။ နိုင်ငံတကာအမြင်ကတော့ ပထမဦးဆုံးအကြိမ် ရွေးကောက်ပွဲမှာ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့တွေ လာတယ်။ စောင့်ကြည့်လေ့လာရေးအဖွဲ့က သေချာလေ့လာခဲ့တယ်။ လေ့လာပြီးမှ သူတို့တွေ့ပြီးတာတွေကို ပြောခဲ့တာရှိတယ်။ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ခဲ့တာတွေရှိတယ်။ အနှစ်ချုပ်ပြန်ပြောရရင် နံပါတ်တစ်က မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲကို ဒီလောက်အောင်အောင်မြင်မြင် လုပ်နိုင်လိမ့်မယ်လို့ သူတို့ထင်မထားဘူး။ ဒီလောက်လူများလိမ့်မယ်လို့လည်း သူတို့ထင်မထားဘူး။ သူတို့သွားကြည့်တဲ့အခါမှာ မဲရုံမှာ တန်းစီပြီးတော့ လူတွေမဲပေးနေတာကို တွေ့ရတယ်။ ဒါကြောင့်မို့ သူတို့ကိုယ်တိုင်လည်း အံ့ဩတယ်။ နောက်တစ်ခုကမဲပေးစက်ပေ့ါ။ မဲပေးစက်နဲ့ပတ်သက်ပြီး သူတို့ကိုယ်တိုင်လည်း လေ့လာခဲ့ပါတယ်။ ပွင့်လင်းမြင်သာမှုရှိတဲ့ မဲပေးစက်၊ ဘယ်လိုမှ လိမ်လို့မရတဲ့ မဲပေးစက်ဆိုပြီး ပြောသွားတယ်။ နောက်တစ်ခုက ကျွန်တော်တို့ မြန်မာပြည်သူလူထုရဲ့ ဒီမိုကရေစီကို ချစ်မြတ်နိုးတဲ့စိတ်ကို သူတို့ထုတ်ဖော်ပြီးတော့ ချီးကျူးသွားတာရှိတယ်။ ဒုတိယအကြိမ်ရွေးကောက်ပွဲမှာလည်း ကျွန်တော်တို့မြန်မာနိုင်ငံမှာ အခြေစိုက်တဲ့ သံရုံးတွေက စောင့်ကြည့်ရေးကိုယ်စားလှယ်တွေ သူတို့လွှတ်ထားတယ်။ အယောက် ၁၀၀ ကျော်ရှိတယ်။ အများအားဖြင့် မြို့ကြီးတွေမှာပဲ များတယ်။ အပေါ်မြို့တွေမှာ ရန်ကုန်၊ မန္တလေး၊ ပြီးရင် အောက်မှာ မော်လမြိုင်၊ ဟိုဘက်က တောင်ကြီးတို့၊ စစ်ကိုင်းတို့ အဲဒီအထိ လွှတ်ထားတာရှိပါတယ်။ သူတို့လည်း အလျဉ်းသင့်တဲ့အချိန်မှာ ဒီစောင့်ကြည့်ရေးအဖွဲ့တွေက သူတို့တွေ့တာနဲ့ ပတ်သက်ပြီး ပြန်ပြီးပြောပါလိမ့်မယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

## လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနားတက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ လူငယ်အဖွဲ့များ နေပြည်တော်သို့ ဆက်လက်ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနား တက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်အဖွဲ့များနှင့် အုပ်ချုပ်သူများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ဆက်လက်ရောက်ရှိကြရာ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း)၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်သည့် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ဗိုလ်ချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများက တည်းခိုရာစုရပ်၌ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လူငယ်အဖွဲ့များအား လူငယ်ငြိမ်းချမ်းရေးဖိုရမ်အစီအစဉ်များ၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တည်းခိုနေထိုင်စားသောက်ရေး အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)၌ လူငယ်များ အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေးနေမှုမြင်ကွင်းများ


ကွန်ဟိန်းမြို့
ခွန်ရဲထွေး


ကျောင်းကုန်းမြို့နယ်
ဝင်းကြိုင်(ပြန်/ဆက်)


လိုင်းခွဲမြို့နယ်
စောဒီ(ပြန်/ဆက်)


မိုင်းရယ်မြို့နယ်
မိုင်းရယ်(ပြန်/ဆက်)


မိုင်းယူမြို့
ကိုကိုနိုင်(ပြန်/ဆက်)


ဇီးကုန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဘိုကလေးမြို့နယ်
မိုးစက်(ဘိုကလေး)


တောင်ဥက္ကလာပမြို့နယ်
ခင်ဆွေနှင်း(ပြန်/ဆက်)


ဆင်ပေါင်ဝဲမြို့နယ်
ခန့်ဝင်း(ဆင်ပေါင်ဝဲ)


ရေးမြို့နယ်
မင်းမင်း


ထန်းတပင်မြို့နယ်
ဇင်မင်းထိုက်(ထန်းတပင်)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)၌ မဲဆန္ဒရှင်ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ဆန္ဒမဲပေးမှုမြင်ကွင်းများ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂)ကို ဇန်နဝါရီ ၁၁ ရက် နံနက်၆ နာရီမှစတင်ကာ တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲ ကျင်းပရန် သတ်မှတ်ထားသည့်နယ်မြေများ၌ ကျင်းပရာ မဲဆန္ဒရှင် ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြသည်။


မိုင်းပျဉ်းမြို့နယ်
နန်းသန္တာဦး(ပြန်/ဆက်)


မိုင်းယန်းမြို့နယ်
ထွန်းထွန်းထူး


ဒီးမော့ဆိုမြို့နယ်
မသီတာ(ပြန်/ဆက်)


ရွှေကျင်မြို့နယ်
ထွန်းထွန်းဇော်(ပြန်/ဆက်)


ဖောင်းပြင်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


မတ္တရာမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဘီးလင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဝန်းသိုမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မချမ်းဘောမြို့နယ်
ယောရွှေနီ(မချမ်းဘော)


ဖရူဆိုမြို့နယ်
ဖရူဆို(ပြန်/ဆက်)


ကမမောင်းမြို့နယ်
ခရိုင်(ပြန်/ဆက်)

# ရွေးကောက်ပွဲ အပိုင်း(၂)၌ ပြည်သူများ ယုံကြည်ချက်အပြည့်ဖြင့် အေးချမ်းစွာ ဆန္ဒမဲပေးမှုမြင်ကွင်းများ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂)ကို ဇန်နဝါရီ ၁၁ ရက် နံနက် ၆ နာရီမှ စတင်ကာ တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်နယ်မြေများ၌ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲကို ယုံကြည်ချက်အပြည့်ဖြင့် အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြသည်။


ရပ်စောက်မြို့နယ်
မင်းသန့်(ပြန်/ဆက်)


အင်တော်မြို့
အင်တော(ပြန်/ဆက်)


မော်လိုက်မြို့နယ်
ကိုထက်(ပြန်/ဆက်)


ကျိုက်လတ်မြို့နယ်
ကျိုက်လတ်(ပြန်/ဆက်)


ဆိပ်ဖြူမြို့နယ်
သူရိန်(ဆိပ်ဖြူ)


ပန်းဘဲတန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဖျာပုံမြို့နယ်
ခရိုင်(ပြန်/ဆက်)


သံဖြူဇရပ်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


သာစည်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


မြို့သစ်မြို့နယ်
သန်းဝင်းထွန်း(ပြန်/ဆက်)


ရွှာင်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကန်ကြီးထောင့်မြို့နယ်
ကန်ကြီးထောင့်(ပြန်/ဆက်)


ကျွန်းစုမြို့နယ်
ထက်မြင့်(ကျွန်းစု)


လမိုင်းမြို့
လမိုင်း(ပြန်/ဆက်)


မိုးကောင်းမြို့နယ်
သန်းလွင်ဦး(ပြန်/ဆက်)


ကြည့်မြင်တိုင်မြို့နယ်
ခိုင်ဇာလင်း(ပြန်/ဆက်)


သာပေါင်းမြို့နယ်
သာပေါင်း(ပြန်/ဆက်)


ဝါးခယ်မမြို့နယ်
မြို့နယ်(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သမိုင်းဘာသာရပ် သိကောင်းစရာ

ဒေါက်တာသင်းသင်းအေး[ပါမောက္ခ(ဌာနမှူး) သမိုင်းဌာန ရန်ကုန်တက္ကသိုလ်]

**၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာ့သမိုင်းနှင့် ကမ္ဘာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာအချက်အလက်များကို စုစည်းတင်ပြပေးသွားမှာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်သမိုင်းဘာသာရပ်မေးခွန်းဟာ သမားရိုးကျ အလွတ်ကျက်မှတ်ဖြေဆိုသောစနစ်မှ ကျောင်းသား ကျောင်းသူများရဲ့ တွေးခေါ်ဆင်ခြင်မှုကို အားပေးသည့် ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ သင်ခန်းစာတစ်ခုစီမှ အဓိကမှတ်သားသင့်သော အချက်များကို နားလည်သိရှိမှု ရှိ၊ မရှိ စစ်ဆေးသည့် မှတ်စုတိုမေးခွန်းများ၊ သမိုင်းအကြောင်းအရာတစ်ခုစီ၏ အခြေခံအကြောင်းရင်းများနှင့် အကျိုးသက်ရောက်မှုများ မည်သို့ဆက်စပ်နေသည်ကို လေ့လာဆန်းစစ်ပြီး ဝေဖန်သုံးသပ်ရသော မေးခွန်းရှည်များပါဝင်ပါသည်။ ဒို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ပြင်ဆင်နေကြတဲ့ ကျောင်းသား ကျောင်းသူများအတွက် မမေ့သင့်တဲ့ အဓိကအချက်များကို စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ဒီအချက်အလက်တွေကတစ်ဆင့် စာမေးပွဲအတွက် သေချာစွာပြင်ဆင်နိုင်ရန် အထောက်အကူဖြစ်မည်လို့ ယုံကြည်ပါတယ်။**

ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းသင်ခန်းစာမှာ ကိုလိုနီခေတ်မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်အထိ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးပုံစံပြောင်းလဲမှုများ၊ လူမှုရေးပြောင်းလဲမှုများကို လေ့လာသင်ကြားရမှာဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်များကို လေ့လာတဲ့အခါ ပထမအင်္ဂလိပ်-မြန်မာစစ်(၁၈၂၄-၁၈၂၆)အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့အုပ်ချုပ်ရေးစနစ်၊ ဒုတိယအင်္ဂလိပ်-မြန်မာစစ်(၁၈၅၂-၁၈၅၃)အပြီး အင်္ဂလိပ်တို့ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တတိယအင်္ဂလိပ်-မြန်မာစစ်(၁၈၈၅)အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်နှင့် ဂျပန်ခေတ်အုပ်ချုပ်ရေးစနစ်တို့ကို လေ့လာကြရမှာဖြစ်တယ်။ မြန်မာနိုင်ငံဟာ အင်္ဂလိပ်တို့ရဲ့ ကျူးကျော်စစ်ပွဲကို သုံးကြိမ်ရင်ဆိုင်ခဲ့ရတယ်။ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးမှာ တနင်္သာရီနှင့် ရခိုင်ကို အင်္ဂလိပ်တို့က သိမ်းယူခဲ့ပြီး ကုမ္ပဏီကတစ်ဆင့် အုပ်ချုပ်တဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ဒုတိယအင်္ဂလိပ်-မြန်မာစစ်အပြီးတွင် ပဲခူးနယ်ကို ထပ်မံသိမ်းယူခဲ့တဲ့အတွက် အောက်မြန်မာနိုင်ငံတစ်ခုလုံးဟာ အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်ခဲ့ရပါတယ်။ အင်္ဂလိပ်တို့က တနင်္သာရီ၊ ရခိုင်နှင့် အောက်မြန်မာပြည်(ပဲခူးနယ်)တို့ကိုပေါင်းပြီး ဗြိတိသျှဘားမား(British Burma) လို့ ခေါ်တွင်ခဲ့တယ်။ ဗြိတိသျှဘားမားကိုအုပ်ချုပ်ဖို့ ကုမ္ပဏီအုပ်ချုပ်ရေးကနေ အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တယ်။

မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးဟာ အိန္ဒိယဘုရင်ခံချုပ်ကို တာဝန်ခံပြီး အုပ်ချုပ်ရတဲ့စနစ်ဖြစ်တယ်။ မဟာဝန်ရှင်တော်မင်းကြီးဟာ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အခွန်ကောက်ခံရေးအာဏာ စတဲ့အာဏာသုံးရပ်ကို တစ်ဦးတည်း ကျင့်သုံးနိုင်တယ်။ ဒါပေမယ့် သူ့မှာ ဥပဒေပြုပိုင်ခွင့်အာဏာမရှိတဲ့အတွက် လိုအပ်တဲ့ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေတွေကို အိန္ဒိယဘုရင်ခံချုပ်က ပြဋ္ဌာန်းပေးရတယ်။ မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးဟာ အရာရှိအဆင့်ဆင့်ကို လုပ်ပိုင်ခွင့်အာဏာနဲ့ တာဝန်များ တိကျစွာသတ်မှတ်ပေးထားတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၁၈၈၆ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ ၁၀ နှစ်ကြာမြင့်တယ်။ ၁၈၉၇ ခုနှစ်မှာ မြန်မာနိုင်ငံကို ဗြိတိသျှပိုင် အိန္ဒိယအင်ပါယာရဲ့ ပြည်နယ်တစ်ခုအဖြစ် ထည့်သွင်းခဲ့ပြီးနောက် မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးအဆင့်ကနေ ဒုတိယဘုရင်ခံ အုပ်ချုပ်ရေးအဆင့်သို့ တိုးမြှင့်အုပ်ချုပ်ခဲ့တယ်။

ဒုတိယဘုရင်ခံအုပ်ချုပ်ရေးစနစ်မှာ ဘုရင်ခံဟာ မြန်မာနိုင်ငံအတွက် ဥပဒေပြုကောင်စီ ဖွဲ့စည်းခွင့်ရရှိတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် အိန္ဒိယမှာ အုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲဖြစ်တိုင်း မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိတယ်ဆိုတာ သိထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ၁၉၁၉ ခုနှစ်မှာ အိန္ဒိယနိုင်ငံအတွက် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဖို့ ဥပဒေပြဋ္ဌာန်းပေးခဲ့တယ်။ ဒါပေမယ့် မြန်မာနိုင်ငံကို ချန်လှပ်ထားခဲ့တယ်။ ဒါကြောင့် မြန်မာနိုင်ငံကိုလည်း အုပ်ချုပ်ရေးစနစ်တိုးမြှင့်ပေးဖို့ မြန်မာပြည်သူတွေက အပြင်းအထန်တောင်းဆိုကြတဲ့အတွက် အင်္ဂလိပ်အစိုးရက ဒိုင်အာခီအုပ်ချုပ်ရေးပေးခဲ့တယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ဒီသင်ခန်းစာမှာ ဒိုင်အာခီအုပ်ချုပ်ရေးပေါ်ပေါက်လာပုံနဲ့ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို သေချာသိထားသင့်တယ်။

အင်္ဂလိပ်တို့ဟာ ဒိုင်အာခီအုပ်ချုပ်ရေး ချမှတ်စဉ်ကတည်းက ၁၀ နှစ်ကာလပြီးရင် မြန်မာပြည်ရဲ့ အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲပေးမယ်လို့ ကတိပေးခဲ့တယ်။ ဒါကြောင့် အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရေးနဲ့ပတ်သက်ပြီး စုံစမ်းဖို့ ၁၉၂၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ဆာဂျွန်ဆိုင်မွန် ခေါင်းဆောင်တဲ့ ကော်မရှင်ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီကော်မရှင်ရဲ့အစီရင်ခံစာနဲ့ အကြံပေးချက်များအရ ၁၉၃၁ ခုနှစ်မှာ လန်ဒန်မှာ သီးခြားစုံညီအစည်းအဝေးကျင်းပခဲ့တယ်။ အစည်းအဝေးမှာ ခွဲရေးကိုလိုလားသူများနဲ့ တွဲရေးကိုလိုလားသူများဆိုပြီး အုပ်စုများကွဲပြားလာတဲ့အတွက် ခွဲရေးတွဲရေးပြဿနာကို ဆုံးဖြတ်ဖို့ အထူးရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ ရွေးကောက်ပွဲမှာ တွဲရေးကို ထောက်ခံတဲ့ဘက်က အနိုင်ရရှိခဲ့တယ်။ ဒါပေမယ့် ဒီပြဿနာကို မြန်မာတို့အပြီးအပြတ်ဆုံးဖြတ်နိုင်ခြင်း မရှိနိုင်ဟုဆိုပြီး အင်္ဂလိပ်အစိုးရဟာ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၉၁ ဌာနအုပ်ချုပ်ရေးကို အကောင်အထည်ဖော်ခဲ့တယ်။

၉၁ ဌာနအုပ်ချုပ်ရေးဟာ ၁၉၃၇ ခုနှစ်ကနေ ၁၉၄၁ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေးကို လေ့လာတဲ့အခါ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေ ပေါ်ပေါက်လာပုံ၊ ၉၁ ဌာနအုပ်ချုပ်ရေးမှာ ဘုရင်ခံစီရင်အုပ်ချုပ်ခွင့်ရတဲ့ဌာနများ၊ ၉၁ ဌာနအုပ်ချုပ်ရေးရဲ့ ဖွဲ့စည်းပုံအကြောင်းတွေကို သီးခြားလေ့လာထားသင့်တယ်။

ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများသည် အင်္ဂလိပ်အုပ်ချုပ်မှုအောက်တွင် အပြောင်းအလဲများစွာဖြစ်ခဲ့တယ်။ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းသည် ဒေသဖူလုံသည့် စိုက်ပျိုးရေးမှ ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့် ကူးသန်းရောင်းဝယ်ရေးအခြေပြု စိုက်ပျိုးရေးသို့ ပြောင်းလဲလာခဲ့တယ်။ အင်္ဂလိပ်အစိုးရသည် ဆန်စပါးထုတ်လုပ်မှုအား ပိုမိုအထောက်အပံ့ပြုခဲ့တယ်။ သစ်လုပ်ငန်းမှာလည်း ဗြိတိသျှကုမ္ပဏီများက သစ်များကို ခုတ်ယူခဲ့သည့်အတွက် သစ်တောဥပဒေထုတ်ပြန်ပြီး သစ်တောဌာနကို တည်ထောင်ပေးခဲ့တယ်။ ရေနံလုပ်ငန်းမှာတော့ BOC ကုမ္ပဏီက ဦးဆောင်ခဲ့တယ်ဆိုတာ သေသေချာချာလေ့လာထားသင့်တယ်။ သတ္တုနှင့်သယံဇာတလုပ်ငန်းမှာ နမ္မတူဘော်တွင်းမိုင်း၊ မိုးကုတ်ပတ္တမြားတွင်း၊ ရွှေဘိုကျောက်မီးသွေးတွင်းတို့သည် အင်္ဂလိပ်ကုမ္ပဏီများ အုပ်ချုပ်မှုအောက်သို့ ကျရောက်ခဲ့တယ်။ ဗြိတိသျှကုမ္ပဏီများက ကူးသန်းရောင်းဝယ်ရေးမှာ ဈေးကွက်ကို ထိန်းချုပ်ခဲ့တဲ့အတွက် ပြည်တွင်းလက်မှုလုပ်ငန်းများ ထိခိုက်ခဲ့ရတယ်။ မီးရထား၊ မီးသင်္ဘော၊ ကားလမ်းများကို တိုးချဲ့လာနိုင်တဲ့အတွက် ကူးသန်းရောင်းဝယ်ရေး ပိုမိုလွယ်ကူလာစေခဲ့သော်လည်း စီးပွားရေးအမြတ်အစွန်းများဟာ အင်္ဂလိပ်တို့အတွက်သာ ရရှိခဲ့တယ်ဆိုတာ သိထားရမယ်။

ကိုလိုနီခေတ်မှာ စီးပွားရေးလုပ်ငန်းကြီးများကို ကိုလိုနီအစိုးရနဲ့ နိုင်ငံခြားသားအရင်းရှင်တို့က ပိုင်ဆိုင်ကြတယ်။ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးမှာ ဘူလင်ဂျာပူးလ်အမည်နဲ့ ကုမ္ပဏီလေးခုကလည်းကောင်း၊ မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဘုံဘေဘားမားကူးသန်းရောင်းဝယ်ရေးကုမ္ပဏီကလည်းကောင်း၊ မြန်မာ့ရေနံလုပ်ငန်းကို ဘီအိုစီကုမ္ပဏီကလည်းကောင်း၊ ပြည်တွင်းရေကြောင်းသွားလာရေးနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဧရာဝတီဖလိုတီလာကုမ္ပဏီက လည်းကောင်း လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားခဲ့တယ်ဆိုတာလည်း သိထားရပါမယ်။

ကိုလိုနီခေတ်မှာ အရင်းရှင်စီးပွားရေးစနစ်နဲ့အတူ နိုင်ငံခြားသားအရင်းရှင်များ၊ အလုပ်သမားများ မြန်မာနိုင်ငံကို ရောက်ရှိလာတဲ့အတွက် မြန်မာ့လူမှုအဖွဲ့အစည်းဟာ ပဒေသရာဇ်စနစ်ကို အခြေခံတဲ့ လူနေမှုစနစ်ကနေ အရင်းရှင်စီးပွားရေးစနစ်ကို အခြေခံတဲ့လူနေမှုစနစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာခဲ့တယ်။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်အစိုးရဟာ လယ်ယာလုပ်ငန်းများ တိုးချဲ့လာခြင်းနဲ့အတူ ပြောင်းလဲသွားတဲ့ တောင်သူလယ်သမားများရဲ့ ဘဝအခြေအနေများကိုလည်း သိထားရမယ်။ ကိုလိုနီခေတ်မှာ လယ်ယာလုပ်ငန်းသာမက စက်မှုလုပ်ငန်းများတိုးချဲ့လာတဲ့အတွက် ပြည်ပမှ အလုပ်သမားများကို ခေါ်ယူခဲ့တယ်။ အလုပ်သမားများအနက် စက်မှုလုပ်ငန်းများမှာ လုပ်ကိုင်တဲ့အလုပ်သမားများရဲ့ဘဝအခြေက ပိုပြီးဆိုးရွားတယ်။ အထူးသဖြင့် ရေနံမြေအလုပ်သမားများဟာ အရင်းရှင်များရဲ့ လက်ဝါးကြီးအုပ်အမြတ်ထုတ်သည့်ဒဏ်ကို ဆိုးရွားစွာခံကြရတယ်။ ၁၉၃၀ ပြည့်နှစ်မှာ ကြုံတွေ့ရသော ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် အလုပ်သမားများရဲ့ဘဝဟာ ပိုမိုဆိုးရွားလာခဲ့တယ်ဆိုတာကိုလည်း လေ့လာထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ကိုလိုနီအုပ်ချုပ်ရေးကို အထောက်အပံ့ဖြစ်စေတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး စက်မှုလက်မှုသင်တန်းကျောင်းများအပါအဝင် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာကျောင်းများကိုလည်း ဖွင့်လှစ်ပေးခဲ့တယ်။ ၁၉၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးတက္ကသိုလ်အဖြစ် ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာတယ်ဆိုတာလည်း သေသေချာချာ လေ့လာထားဖို့လိုတယ်။

ကိုလိုနီခေတ်မှာ ကျန်းမာရေးဌာနဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေးလုပ်ငန်းများနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့တယ်။ ဒါပေမဲ့ ကျေးလက်နေပြည်သူများဟာ မြန်မာဆေးဝါးများနဲ့ တိုင်းရင်းဆေးဆရာများကိုသာ မှီခိုအားထားနေကြရပြီး မြို့နေလူထုကတော့ အနောက်တိုင်းဆေးပညာနဲ့ ထိတွေ့မှုများလာတယ်။ ဆေးရုံများကို အားကိုးလာကြတယ်။ ဒါကြောင့် ရန်ကုန်၊ မန္တလေးနဲ့ အခြားခရိုင်မြို့ကြီးများမှာ ဆေးရုံများဖွင့်လှစ်နိုင်ခဲ့တယ်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပြဋ္ဌာန်းစာအုပ်မှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးပြောင်းလဲမှု သင်ခန်းစာများကို ထည့်သွင်းထားလို့ ဒီသင်ခန်းစာတွေကိုလည်း လေ့လာထားရမယ်။ ဂျပန်ခေတ်အုပ်ချုပ်ရေးကိုလေ့လာတဲ့အခါမှာ ဂျပန်ခေတ်ဟာ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ မြန်မာနိုင်ငံအားအုပ်ချုပ်ခဲ့တဲ့ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ် ကြားကာလကို ခေါ်ဆိုတာဖြစ်ကြောင်း သိထားဖို့လိုတယ်။ ဂျပန်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး မကြာမီမှာပဲ ဒေါက်တာဘမော်ဦးဆောင်တဲ့ ယာယီအစိုးရကိုဖွဲ့စည်းခဲ့တယ်။ ၁၉၄၃ ခုနှစ် ဇွန်လမှာ လွတ်လပ်ရေးစီစဉ်မှုအဖွဲ့ကို ဖွဲ့စည်းပြီး ဩဂုတ် ၁ ရက်နေ့မှာ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးဖို့ ကြေညာခဲ့တယ်။ ဒါပေမယ့် ဂျပန်တို့ပေးတဲ့ လွတ်လပ်ရေးဟာ အတုအယောင်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှာ ဂျပန်စစ်တပ်ရဲ့ ထိန်းချုပ်မှုအောက်မှာသာရှိကြောင်း တွေ့ရတယ်။ ဂျပန်ခေတ်မှာ တန်ခိုးအာဏာအရှိဆုံးသူတို့မှာ ကင်ပေတိုင်ဂျပန်စစ်ပုလိပ်များသာဖြစ်တယ်။

ဂျပန်ခေတ်ဟာ ဒုတိယကမ္ဘာစစ်အတွင်းကာလဖြစ်လို့ မြန်မာ့စီးပွားရေးဟာ တိုးတက်မှုမရှိဘဲ စိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရေနံလုပ်ငန်းများထုတ်လုပ်မှု ကျဆင်းသွားတာတွေ့ရတယ်။ ဂျပန်တို့က စီးပွားရေးကို ထိန်းချုပ်နိုင်ဖို့ အကန့်အသတ်မရှိ ငွေစက္ကူများ ထုတ်ဝေခဲ့တဲ့အတွက် ပြည်သူများ၏ လူနေမှုဘဝကျဆင်းခဲ့ရတယ်။ ဂျပန်ခေတ်စီးပွားရေးဟာ မြန်မာပြည်သူများအတွက် အကျိုးမဖြစ်ဘဲ ဂျပန်တို့အတွက်သာ အသုံးချသောစီးပွားရေးစနစ်ဖြစ်ခဲ့တယ်လို့ ဆိုနိုင်တယ်။

ဂျပန်ခေတ်မှာ ယိုးဒယား-မြန်မာ မီးရထားလမ်းကို ဖောက်လုပ်ခဲ့တဲ့အတွက် မြန်မာပြည်သူများ သေဆုံးခဲ့ရတယ်။ သေဆုံးသူများပြားခဲ့သဖြင့် သေမင်းတမန်ရထားလမ်းဆိုပြီး သမိုင်းတွင်ခဲ့တယ်။ ဂျပန်ခေတ်ပညာသင်ကြားရေးစနစ်ကို လေ့လာတဲ့အခါ မဟာအရှေ့အာရှသာတူညီမျှ ကောင်းစားရေးအတွက်ဖြစ်ပြီး ဂျပန်စစ်ဘက်ဆိုင်ရာအာဏာပိုင်တို့ကလည်း စာသင်ကျောင်းများမှာ ဂျပန်ဘာသာကို မသင်မနေရဘာသာအဖြစ် ပြဋ္ဌာန်းစေခဲ့တယ်။ ဂျပန်ခေတ်မှာ အစားအသောက်၊ အဝတ်အထည်၊ အိမ်ရာအဆောက်အအုံနှင့် ဆေးဝါးချို့တဲ့မှုကြောင့် ကပ်ရောဂါဖြင့် သေဆုံးသူအရေအတွက်လည်း များပြားခဲ့ပါတယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပြောင်းလဲမှု (၁၉၄၈-၁၉၆၂)ကို လေ့လာရာမှာ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလဟာ အိမ်စောင့်အစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်ဆိုတာ သိထားရမယ်။

၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်ကာလအတွင်း ဖဆပလအစိုးရဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်တယ်။ ဖဆပလခေတ်မှာ ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်ဆိုပြီး လွှတ်တော်နှစ်ရပ်ရှိတယ်။ လွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုပါလီမန်လို့ ခေါ်တယ်။ ပြည်ထောင်စုပါလီမန်မှာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများရှိတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုပုံစံပေါ်လွင်စေဖို့ ပြည်နယ်များကို ဖွဲ့စည်းထားရှိတယ်။ ဝန်ကြီးဌာနအလိုက် ဝန်ကြီးဌာနရုံးများ ဖွဲ့စည်းထားရှိပြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ အတွင်းဝန်၊ တိုင်းမင်းကြီး၊ ခရိုင်ဝန်ခေါ်အရေးပိုင်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်နှင့် လက်ထောက်မြို့ပိုင်တို့ဟာ စီမံခန့်ခွဲရေးဆိုင်ရာတာဝန်များကို အဆင့်ဆင့်ဆောင်ရွက်ကြရတယ်။

ဖဆပလအစိုးရဟာ ၁၉၅၂ ခုနှစ်မှာ ပြည်တော်သာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ၁၉၅၃ ဒီမိုကရေစီဒေသန္တရ

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အုပ်ချုပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့တယ်။ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးစီမံကိန်းဟာ ကျေးရွာကိုအခြေပြုတဲ့ အုပ်ချုပ်ရေးစနစ် ဖြစ်တယ်ဆိုတာကိုလည်း သိထားရမယ်။ မြန်မာ့သမိုင်းမှာ ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ် လေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အုပ်ချုပ်ရေးစနစ်(ဒါမှမဟုတ်) ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။ မြန်မာ့သမိုင်းမှာ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု(ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ပထစအစိုးရရဲ့အုပ်ချုပ်ရေး ပုံစံကတော့ ယခင်ဖဆပလအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကိုပဲ အခြေခံထားတယ်ဆိုတာ သိထားရမယ်။ ပြည်ထောင်စု(ပထစ)အစိုးရလက်ထက် အတွင်း နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်လာတဲ့အတွက် တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာစေတယ်။ မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလအစိုးရ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် စီးပွားရေး၊ လူမှုရေးပြောင်းလဲလာတဲ့ အခြေအနေတွေကိုလည်း သီးခြားကဏ္ဍအလိုက် လေ့လာသင့်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိကာလကို တော်လှန်ရေးကောင်စီခေတ်လို့ ခေါ်တယ်။ ဒီသင်ခန်းစာမှာ တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာပုံ၊ တော်လှန်ရေးကောင်စီခေတ်မှာ ပြောင်းလဲကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တရားစီရင်ရေးစနစ်တွေ အကြောင်းကို လေ့လာထားဖို့လိုတယ်။ တော်လှန်ရေးကောင်စီဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ ပြဋ္ဌာန်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အမြုတေပါတီကို စတင်တည်ထောင်ခဲ့တယ်ဆိုတာလည်း သိထားရမယ်။ တော်လှန်ရေးကောင်စီက ဝါဒသဘောထား ကြေညာချက်ထုတ်ပြန်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံမှာ အရင်းရှင်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်မှာဖြစ်ကြောင်း ကြေညာခဲ့တယ်။ ပြည်သူပိုင်ကဏ္ဍကို ကျယ်ပြန့်လာအောင် ဆောင်ရွက်ခဲ့တယ်။ ကုန်သွယ်ရေးလုပ်ငန်း၊ သမဝါယမလုပ်ငန်းနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဆိုရှယ်လစ်စီးပွားရေး မူဝါဒနဲ့အညီ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ခဲ့တယ်။ တော်လှန်ရေးကောင်စီဟာ ဆိုရှယ်လစ်စနစ်နှင့်ကိုက်ညီပြီး အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုတဲ့ ပညာရေးမူဝါဒအသစ်များချမှတ်ခဲ့တယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့တယ်။ စာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ခဲ့တဲ့ အတွက် ၁၉၇၁ ခုနှစ်မှာ မိုဟာမက်ရီဇာပါလဗီဆုကိုလည်း ရရှိခဲ့တယ်။

တော်လှန်ရေးကောင်စီဟာ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့တယ်။ ဆေးပညာနှီးနှောဖလှယ်ပွဲများ ကျင်းပပေးတယ်။ တိုင်းရင်းဆေးပညာ ပြန့်ပွားလာရေးအတွက် ဆောင်ရွက်ပေးတယ်။ ကျေးလက်ကျန်းမာရေးဌာနတွေကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့တယ်။ အားကစားကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်နဲ့ဆောင်ရွက်ဖို့ မူဝါဒချမှတ် အကောင်အထည်ဖော်ပေးခဲ့တယ် ဆိုတဲ့ တော်လှန်ရေးကောင်စီခေတ်ရဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေကို သိထားဖို့လိုတယ်။

၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကာလဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဖြစ်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့တယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အမည်မှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖြစ်တယ်။ ဒီသင်ခန်းစာမှာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြောင်းလဲလာသော အုပ်ချုပ်ရေးစနစ်၊ ကျင့်သုံးခဲ့သော ဆိုရှယ်လစ်စီးပွားရေးပုံစံနဲ့ မြန်မာ့ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုများကို သေသေချာချာမှတ်ထားရမယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာပုံ၊ စီးပွားရေးစနစ်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ပြောင်းလဲလာပုံ၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀ စီမံကိန်းကို ချမှတ်ခဲ့ပုံ၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများကို ကျေးရွာများနှင့် နယ်စပ်ဒေသများတွင် တိုးမြှင့်ဖွင့်လှစ်ခဲ့ပုံ စတာတွေကိုလည်း သိထားရမယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့သမိုင်းသင်ခန်းစာမှာ အခန်း ၄ ခန်း ပါဝင်တယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပြောင်းလဲလာသော ကမ္ဘာ့အနေအထား၊ ကမ္ဘာ့စီးပွားရေး၊ ပြောင်းလဲလာသော နည်းပညာများနဲ့ စီးပွားရေးပုံသဏ္ဌာန်များကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့ပြဿနာများ၊ တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုများကို လေ့လာရမှာဖြစ်တယ်။ ပထမဦးစွာ ဒုတိယကမ္ဘာစစ်ပြီးကာလ ပြောင်းလဲလာသော ကမ္ဘာ့အနေအထားသင်ခန်းစာကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့အနေအထားသင်ခန်းစာမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများဆိုပြီး ပါရှိတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အကြောင်းကို လေ့လာတဲ့အခါမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းဆိုင်ရာ အမျိုးအစားအလိုက် အေဂျင်စီများ၊ ကုလသမဂ္ဂရဲ့အဓိကလုပ်ငန်းကြီး ၅ ရပ်နဲ့ ယင်းတို့ရဲ့ဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် လေ့လာသင့်တယ်။ ဒေသဆိုင်ရာအဖွဲ့အစည်းများအကြောင်းကို လေ့လာတဲ့အခါမှာ နေတိုး၊ အီးယူ၊ အာဆီယံ၊ အေပက်၊ ဘင်းမ်စတက်နဲ့ ဂျီအမ်အက်စ်စတဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများပေါ်ပေါက်လာပုံနဲ့ အဲဒီအဖွဲ့အစည်းများရဲ့ ဆောင်ရွက်ချက်တွေကိုသိဖို့ သေသေချာချာ ပိုင်းခြားလေ့လာထားသင့်တယ်။

ကမ္ဘာ့နိုင်ငံရေးနှင့် ကမ္ဘာ့စီးပွားရေးဟာ အပြန်အလှန်ဆက်စပ်အကျိုးပြုနေတယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် နိုင်ငံတကာအဖွဲ့အစည်းများနဲ့အတူ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများလည်း ပေါ်ပေါက်လာတယ်။ ဒုတိယကမ္ဘာစစ်အပြီးပေါ်ပေါက်လာတဲ့ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများထဲက ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ(အန်းတက်)၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဘရစ်စ်နဲ့ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေဟာ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက် တိုးတက်လာသောနည်းပညာများ၊ နည်းပညာကို အခြေပြု၍ ပြောင်းလဲလာသော ရင်းနှီးမြှုပ်နှံမှုပုံစံများ၊ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ပြောင်းလဲလာပုံ၊ နိုင်ငံတကာကုန်သွယ်ရေးရဲ့အရေးပါပုံ စတဲ့အကြောင်းတွေကိုလည်း သိထားရမယ်။ တိုးတက်လာသောနည်းပညာဟာ လူသားတို့အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိတယ်ဆိုတာကို သိနားလည်ရမယ်။ ကမ္ဘာ့ရာသီဥတုဟာ ၁၉ ရာစုနှောင်းပိုင်း စက်မှုတော်လှန်ရေးပေါ်ပေါက်လာပြီးနောက် သိသာစွာပြောင်းလဲမှုများ ဖြစ်ပေါ်လာတယ်။

ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် သဘာဝအလျောက်သော်လည်းကောင်း၊ လူသားတို့ ပြုမူဆောင်ရွက်ချက်ကြောင့်သော်လည်းကောင်း ဖြစ်ပေါ်တယ်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုဟာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများနှင့်ရင်ဆိုင်လာရပြီး ကမ္ဘာ့လူသားများ၏ ကျန်းမာရေးအပေါ် စိန်ခေါ်မှုများဖြစ်စေတယ်။ ဒါကြောင့် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးဆောင်ရွက်ချက်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ချက်များ၊ ရာသီဥတုဆိုင်ရာ ပြဿနာများကြောင့် လူသားတို့၏ ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများကို သိရှိထားဖို့လိုတယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော ကမ္ဘာ့နိုင်ငံများအနက် တရုတ်နိုင်ငံနဲ့စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့စိန်ခေါ်မှုတွေဟာ အရေးပါတဲ့အတွက် တစ်နိုင်ငံချင်း လေ့လာသင့်တယ်။

တရုတ်နိုင်ငံအကြောင်းကိုလေ့လာတဲ့အခါ တရုတ်နိုင်ငံထူထောင်ခြင်း၊ ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်များက ချမှတ်ဆောင်ရွက်ခဲ့သော မူဝါဒများနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ တိန့်ရှောင်ဖိန်၏ ပြုပြင်ပြောင်းလဲမှုများ၊ ပြည်တွင်း ပြည်ပစိန်ခေါ်မှုများကို လေ့လာသိရှိဖို့လိုအပ်တယ်။ ပြည်တွင်း ပြည်ပစိန်ခေါ်မှုများကို လေ့လာတဲ့အခါ တရုတ်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ လူဦးရေဆိုင်ရာစိန်ခေါ်မှုများ အပြင် တရုတ်နိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ရပ်ဝန်းနှင့်လမ်းအစီအစဉ်-ဘီအာအိုင်ကိုလည်းသိဖို့ လိုအပ်တယ်။ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

စင်ကာပူနိုင်ငံအကြောင်းကို လေ့လာတဲ့အခါ စင်ကာပူနိုင်ငံထူထောင်ခြင်း၊ စင်ကာပူနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်ရာတွင် အဓိကဦးဆောင်ခဲ့သော ပီအေပီပါတီနဲ့ နိုင်ငံခေါင်းဆောင်များရဲ့ အခန်းကဏ္ဍ၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းဟာ စင်ကာပူနိုင်ငံရဲ့ စီးပွားရေးနဲ့လူမှုရေးတို့အပေါ် စိန်ခေါ်မှုများဖြစ်ပေါ်စေကြောင်းကိုလည်း သိထားဖို့လိုအပ်တယ်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သမိုင်းဘာသာဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို မှာလိုတာကတော့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပြဋ္ဌာန်းထားသော ကျောင်းသုံးသမိုင်းဖတ်စာအုပ်ကို စနစ်တကျ ပြည့်ပြည့်စုံစုံလေ့လာထားရန် အရေးကြီးပါတယ်။ သမိုင်းဘာသာကိုလေ့လာရာတွင်သင်ခန်းစာတစ်ခုတည်းကိုသာ ရွေးချယ်မလေ့လာဘဲ သင်ခန်းစာအားလုံးကို လေ့လာသိရှိထားဖို့ လိုပါတယ်။ သမိုင်းကို နားလည်သဘောပေါက်ဖို့အတွက် သင်ခန်းစာတိုင်းရဲ့ အဓိကအချက်များ၊ သမိုင်းစဉ်အချိတ်အဆက်များကို သေချာဖော်ထုတ်၍ လေ့လာသိရှိထားခြင်းက အထူးအရေးကြီးပါတယ်။ စာမေးပွဲဖြေဆိုချိန်မှာလည်း မေးခွန်းအကြောင်းအရာနှင့် သက်ဆိုင်သော အချက်အလက်များကိုသာ တိကျသေချာစွာဖြေဆိုရန်လိုအပ်ပါတယ်။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအားလုံး ကောင်းမွန်အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

## ကြီးပွားလယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားထောက်ပံ့ငွေများ ထုတ်ပေး

**ညောင်ရွှေ ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် မင်းချောင်းကျေးရွာ ကြီးပွားလယ်ယာနှင့် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မင်းချောင်းကျေးရွာ စာကြည့်တိုက်၌ ကျင်းပသည်။



ဦးစွာ အသင်းဥက္ကဋ္ဌ ဦးအောင်မွန်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းက စီမံကိန်းသီးနှံများနှင့်ပတ်သက်၍ မျိုးနှင့်သွင်းအားစုများ ပံ့ပိုးနေမှုအခြေအနေ၊ မြေဩဇာဖြန့်ဖြူးပေးမည့် အစီအစဉ်များနှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ အသင်းစာရင်းစစ်အစီရင်ခံစာများ ဖတ်ကြားခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ပြီး အစုပေါ်အမြတ်၊ စုဆောင်းငွေပေါ် အတိုးနှင့် အသင်းသားထောက်ပံ့ငွေကျပ် စုစုပေါင်း ၉၇၆၂၆၀၀ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ နည်းပညာပေး

**ရွှေဘို ဇန်နဝါရီ ၁၁**

ရွှေဘိုခရိုင်၌ မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ နည်းပညာပေးခြင်းကို ယမန်နေ့က ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ပြုလုပ်ရာ ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇာဇာမင်းက အမှာစကားပြောကြားပြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။



ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက မြေဩဇာဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ခင်စန်းမြင့်က မျိုးစေ့ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ခရိုင်သီးနှံ ကာကွယ်ရေးတာဝန်ခံ ဦးဌေးအောင်က ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများကို သင်တန်းပို့ချခဲ့ကြပြီး သင်တန်းသို့ မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေး အရောင်းဆိုင်ပေါင်း ၄၃ ဆိုင်မှ ဆိုင်ရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



မိုင်းရယ်မြို့ မန်ဖြတ်ကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများ။



(၉.၁.၂၀၂၆) ရက်နေ့တွင် နမ့်လန်ဒေသ နားလင်းကျေးရွာအနီး သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ ပြုလုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများ။

◆ *ကျောဖုံးမှ*

မူးယစ်ဆေးဝါးထုတ်လုပ်နိုင်သည့် နေရာများအား ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်း၊ ကျောင်းသားလူငယ် အရွယ်များမှစတင်၍ အသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းစဉ်များကို ဒေသခံပြည်သူလူထုနှင့် လက်တွဲ၍ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရရှိမှုသတင်းအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများကိုင်နေသည့် ပြည်ပနိုင်ငံသားများနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုသတင်းအား ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိမှုသတင်းအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများအတွင်း တရားမဝင် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အခြေပြုလုပ်ကိုင်ခြင်း မရှိစေရေးအတွက် မြေပြင်သတင်းဖော်ထုတ်ပြီး ဒေသခံပြည်သူများ၏ သတင်းပေးပို့၍ ပူးပေါင်းပါဝင်မှုတို့နှင့်အတူ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး လုပ်ငန်းများကို အဖွဲ့စုံပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ကြောင်းများခွဲ၍ ဆက်လက်ဖော်ထုတ်ရှင်းလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ဒေသအတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် ပူးပေါင်းအဖွဲ့ဝင်များပါဝင်သော စစ်ကြောင်းသည် ဇန်နဝါရီ ၈ ရက် ညပိုင်းတွင် နားလင်း၏ အနောက်မြောက်ဘက် မီတာ ၁၀၀၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် ကာကင်းအဖြစ် နေရာယူထားသည့် အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများ ဖရိုဖရဲ ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။ အဆိုပါနေရာ၌ ယာယီမိုးကာတဲငါးလုံး၊ ပစ်ကျင်းများ၊ ရှေ့ထွက်မိုင်းနှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ မောင်းတံပါ ဂိတ်ကင်းတစ်ခုတို့ကို တွေ့ရှိသိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော်စစ်ကြောင်းအနေဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည့် အကြမ်းဖက် သောင်းကျန်းသူများအား ထပ်ကြပ်လိုက်လံ ရှင်းလင်းခဲ့ရာ ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၃၀ ခန့်တွင် သီပေါမြို့နယ် နားလင်းကျေးရွာ၏ အနောက်မြောက်ဘက်မီတာ ၉၀၀၀ ခန့်အကွာ နေရာသို့ အရောက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် အလျားပေ ၄၀၊ အနံပေ ၃၀ ရှိ သွပ်မိုးသွပ်ကာ လူနေအဆောက်အအုံ နှစ်လုံးအတွင်းမှ ကွန်ပျူတာ (Laptop) ၁၈ လုံး၊ ကွန်ပျူတာ (Desktop) ၃၅ လုံး၊ ဖုန်းမျိုးစုံ ၁၁ လုံး၊ Star Link ငါးလုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ပူးပေါင်းအဖွဲ့များပါဝင်သည့် စစ်ကြောင်းသည် နယ်မြေ ရှင်းလင်းခြင်းအား ဆက်လက်ဆောင်ရွက်ခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် အဆိုပါနေရာ၏ အရှေ့ဘက် မီတာ ၈၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာတစ်ခုကိုတွေ့ရှိသဖြင့် ဝင်ရောက်ရှင်းလင်းစစ်ဆေးရာ ကွန်ပျူတာ (Laptop) ၁၁ လုံးနှင့် ကွန်ပျူတာ (Desktop)ခြောက်လုံး၊ Star Link သုံးလုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆေးပြားရိုက်စက်နှစ်လုံး၊ ဆေးမွှေစက်တစ်လုံး၊ ဆေးပြားရေတွက်စက်တစ်လုံး၊ အိုက်စ် နှစ်ကီလိုဂရမ်၊ ဆေးပြားရိုက်ရန် ရောစပ်ထားသည့်အနှစ် ၁၀ ကီလိုဂရမ်ပါပုံးတစ်ပုံး၊ ဖန်ပြွန်အရိုးတစ်ခု၊ မူးယစ်ဆေးဝါးချက်လုပ်ရန် ရောစပ်ထားသည့် အရည် ၁၀ လီတာပုံးတစ်ပုံး၊ Caustic Soda ၂၅ ကီလိုဂရမ်၊ Sodium Powder ၂၅ ကီလိုဂရမ်ပါအလုံး ၃၀၊ မော်တော်ယာဉ်တစ်စီး၊ မီးစက် နှစ်လုံး၊ ဘက်ဟိုးတစ်စီး၊ SSA တံဆိပ်ပါ အစိမ်းရောင်ယူနီဖောင်းတစ်စုံ၊ အပွင့်နှစ်ပွင့်ပါ ပခုံးတံဆိပ် တစ်စုံ၊ SSA တံဆိပ်ပါအစိမ်းရောင် ဦးထုပ်တစ်လုံး၊ အဆောက်အအုံများနှင့် ဆက်စပ်ပစ္စည်းများကို ထပ်မံတွေ့ရှိ သိမ်းဆည်းရရှိခဲ့သည်။

အထက်ပါ ဖြစ်စဉ်များအရ လေကြောင်းကင်းထောက်ခြင်းနှင့် မြေပြင်သတင်း စုံစမ်းဖော်ထုတ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး မိုင်းရယ်မြို့နယ်အတွင်း မသင်္ကာဖွယ် နေရာသုံးခုအား ဖော်ထုတ် တွေ့ရှိခဲ့ရသဖြင့် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် ပူးပေါင်းအဖွဲ့ဝင်များပါဝင်သော စစ်ကြောင်းများဖြင့် နယ်မြေရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၃၀ တွင် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် မီတာ ၂၆၀၀၀ ခန့် အကွာ၊ မန်ဖြတ်ကျေးရွာအနီး ပထမနေရာတွင် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုခဲ့သည့် ယာယီတဲ ၁၄ လုံး၊ အလျားပေ ၁၀၀၊ အနံ ၂၅ ပေရှိ အဆောက်အအုံခြောက်လုံး၊ ပလတ်စတစ်ပီပါခွံ အလုံး ၁၂၀၊ ဓာတုဆေးရည်များ ထည့်ထားသည့် သံပီပါအလုံး ၂၀၊ သံပီပါခွံ အလုံး ၃၀၊ ဂတ်စ်အိုး အလုံး ၆၀၊ စတီးပေါင်းအိုးကြီး လေးလုံး၊ အင်ဂျင်ကြီးနှစ်လုံး၊ အက်ဆစ်ပါ ပလတ်စတစ်ပီပါ ၆၇ လုံးနှင့် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။



ဖမ်းဆီးရမိတရားခံများ၏ မှတ်တမ်းဓာတ်ပုံ။



နမ့်လန်ဒေသ နားလင်းကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများ။

အလားတူ ဇန်နဝါရီ ၁၁ ရက် နံနက် ၇ နာရီ မိနစ် ၃၀ ခန့်တွင် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် မီတာ ၂၀၀၀၀ ခန့် အကွာရှိ ဒုတိယနေရာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အလျား ၁၅ ပေ၊ အနံပေ ၂၀ ရှိ ပလတ်စတစ်ကာ အဆောက်အအုံအလုံး ၅၀၊ ဖျက်ဆီးထားသည့် အဆောက်အအုံ ၁၅ လုံး၊ ဂတ်စ်အိုးအလုံး ၆၀၀၊ ရေခဲသေတ္တာ ၁၀ လုံး၊ မီးစက် သုံးလုံး၊ ပေါင်းအိုးအကြီး သုံးလုံး၊ ဆေးပြားရိုက်စက် သုံးလုံး၊ ဓာတုဆေးရည် ထည့်ထားသည့် ပီပါအလုံး ၅၀၀၊ မူးယစ်ဆေးမှုန့်များဟု ယူဆရသည့် အဖြူမှုန့်များ ထည့်ထားသည့် ဆာလာအိတ် ၃၀၀၊ ပလတ်စတစ်အိတ်အကြည် အိတ် ၃၀၀၊ ငါးဂါလန်ဆံ့ အက်ဆစ်ပုံး အလုံး ၃၀၀၊ စတီးဇန်းကြီး ခြောက်ချပ်၊ အမျိုးအစား(စိစစ်ဆဲ) အဖြူရောင်အမှုန့်များပါဝင်သည့် စက္ကူဖာပုံး ၃၀၊ ဆာလာအိတ်ဖြင့် ထည့်ထားသည့် (စိစစ်ဆဲ) အဖြူရောင်အမှုန့် အထုပ် ၃၀၀၊ ဆိုင်ကယ်ငါးစီး၊ အဆိုပါ မူးယစ်ဆေးဝါးလုပ်ငန်းများတွင် SSA အဖွဲ့မှ ပါဝင်ပတ်သက်နေသူများ အပါအဝင် တရားခံခြောက်ဦးတို့အား SSA တံဆိပ်ပါ ယူနီဖောင်းနှင့် တံဆိပ်များအပါအဝင် အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ နံနက် ၉ နာရီခွဲခန့်တွင် အဆိုပါနေရာ၏ အနောက်တောင်ဘက် မီတာ ၁၉၀၀၀ ခန့်အကွာတွင် မူးယစ်ဆေးဝါးအဓိကချက်လုပ်သည့် နေရာဟုယူဆရသော (၇)နေရာ ပတ်ဝန်းကျင်သို့ ရောက်ရှိရှင်းလင်းခဲ့ရာ မူးယစ်ဆေးဝါးချက်လုပ်သည့် တဲနှင့် ဆက်စပ်ပစ္စည်းထားသည့် ဂိုဒေါင် ၃၃ လုံးအား တွေ့ရှိရပြီး လတ်တလောစိစစ်ပြီးအချိန်အထိ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဂတ်စ်အိုးမျိုးစုံ ၄၄၃ လုံး၊ ဖိုင်ဘာပီပါ ၁၃၁၂ လုံး၊ သံပီပါ ၃၃၆ လုံး၊ သုံးဘီးဆိုင်ကယ်နှစ်စီး၊ Caustic Soda ၈၅ အိတ်၊ Sodium Acetate Trihydrate 20 kg ပါအိတ် လေးအိတ်စီပါရှိသည့် ပီပါ လေးလုံး၊ Sulphonic Acid Liquid ပီပါ ၂၀ လုံး၊ တင်ဒါပီပါ ရှစ်လုံး၊ အမျိုးအမည် (စိစစ်ဆဲ) အညိုရောင်ပီပါ ငါးလုံး၊ ဖန်အိုး(အသေး) ၅၂၅ လုံး၊ ဖန်ပေါင်းအိုးကြီး ၁၀ လုံး၊ Ethnol ပီပါအလုံး ၄၀၊ အဖြူရောင်အနှစ်များ ထည့်သွင်းထားသည့် စတီးဇလုံအလုံး ၁၅၀၊ အခြောက်ခံဇန်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကျန်ရှိသည့် ပစ္စည်းများကိုလည်း ဆက်လက်စိစစ်ဖော်ထုတ်ဆဲ ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် လိုအပ်သည့်ပဏာမ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘိန်းဖြူ (Heroin) နှင့် မက်သ်အဖက်တမင်း (Methampheta-mine) များ ထုတ်လုပ်နေခြင်းဖြစ်ကြောင်း ကနဦးဖော်ထုတ်တွေ့ရှိရပြီး အသေးစိတ်ဆက်လက်စစ်ဆေး၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာ ဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျ မီးရှို့ဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်သူများအား စနစ်တကျ စိစစ်ဖော်ထုတ်ကာ ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး နိုင်ငံတစ်ဝန်း မူးယစ်းဆေးဝါး ထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှုများ တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ယခုဖမ်းဆီးရမိသည့်မူးယစ်ဆေးဝါးများ ချက်လုပ်ရာတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည့် အဖွဲ့အစည်းများကိုလည်း ထိရောက်ပြင်းထန်စွာ အရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အာဖရိက၏ အကြီးဆုံးလေဆိပ်ဖြစ်လာမည့် ဆောက်လုပ်ရေးလုပ်ငန်းများ အီသီယိုးပီးယားစတင်

အဒစ္စအာဘာဘာ ဇန်နဝါရီ ၁၁

**ဆောက်လုပ်ပြီးစီးသွားပါက အာဖရိက၏ အကြီးဆုံးလေကြောင်းအချက်အချာဖြစ်လာဖွယ်ရှိသည့် ဘစ်ရှော့ဖူအပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်မှုအခမ်းအနားကို အီသီယိုးပီးယားဝန်ကြီးချုပ် အဘီအာမက် က ဇန်နဝါရီ ၁၀ ရက် ဖွင့်လှစ်ပေးခဲ့သည်။**



အီသီယိုးပီးယားနိုင်ငံ၏ ကျယ်ပြန့်သော လေကြောင်းတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းရန်နှင့် အာဖရိက၏ထိပ်တန်းလေကြောင်းပို့ဆောင်ရေး တံခါးပေါက်ဖြစ်လာစေရေး အစိတ်အပိုင်းတစ်ခုအဖြစ် အဓိကလေဆိပ်စီမံကိန်း ဆောက်လုပ်ရခြင်းဖြစ်သည်ဟု အီသီယိုးပီးယားဝန်ကြီးချုပ်က ဖွင့်ပွဲအခမ်းအနားတွင် ပြောသည်။

အဆိုပါလေဆိပ်ကို လေးနှစ်တာကာလအတွင်း ပထမအဆင့်ဆောက်လုပ်ပြီးစီးပါက တစ်နှစ်လျှင် ခရီးသည် သန်း ၆၀ ကို အဆင်ပြေစွာ စီမံခန့်ခွဲပေးနိုင်မည်ဖြစ်ပြီး လုံးဝပြီးစီးသွားပါက နှစ်စဉ်ခရီးသည်ပေါင်း သန်း ၁၁၀ကို ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။ အဒစ္စအာဘာဘာ ဘိုးလ်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် နှစ်စဉ်ခရီးသည် ၂၅ သန်းကို ဝန်ဆောင်မှုပေးနိုင်ပြီး မကြာမီတိုးတက်မှုအရှိန်ဖြင့် အမြင့်ဆုံးစွမ်းဆောင်ရည်သို့ ရောက်ရှိတော့မည်ဟု ဝန်ကြီးချုပ်က ပြောသည်။

လေဆိပ်တည်ဆောက်ရေးလုပ်ငန်း ပထမအဆင့်တွင် အဓိကခရီးသည်ဝင်ပေါက်ကြီး နှစ်ခုရှိမည်ဖြစ်ကာ လေဆိပ်တွင် လေယာဉ်အစင်းပေါင်း ၁၈၀ ရပ်နားနိုင်မည်ဖြစ်သည်။ ထို့ပြင် ဟိုတယ်တစ်ခုပါဝင်မည်ဖြစ်ပြီး ကုန်စည် တန်ချိန် ၁ ဒသမ ၅ သန်းကို စီမံနိုင်မည်ဟု အီသီယိုးပီးယားလေကြောင်းလိုင်းအုပ်စုမှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ မက်စ်ဖင်တက်ဆောက ပြောသည်။

လေဆိပ်ကြီး ဆောက်လုပ်ပြီးစီးသွားပါက အီသီယိုးပီးယားလေကြောင်းလိုင်း၏ တစ်ကမ္ဘာလုံးဆိုင်ရာယှဉ်ပြိုင်မှုကို အားကောင်းစေကာ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေးစကြံကို ကျယ်ပြန့်စေမည်ဖြစ်သည်။ **ဆင်ဟွာ**

## ဟွန်ဒါမော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက ဗီယက်နမ်နိုင်ငံ၌ လျှပ်စစ်မော်တော်ဆိုင်ကယ်သစ် ထုတ်ဖော်ပြသ

**ဟန္နိုင်း ဇန်နဝါရီ ၁၁**

ဟွန်ဒါမော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီသည် ပိုမိုတင်းကျပ်သော ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ စတင်ကျင့်သုံးခြင်းမပြုမီ လျှပ်စစ်မော်တော်ဆိုင်ကယ် အသစ်ကို ဗီယက်နမ်နိုင်ငံတွင် ထုတ်ဖော်ပြသလိုက်ပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဂျပန်မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီသည် ဗီယက်နမ်မော်တော်ဆိုင်ကယ် ဈေးကွက်တွင် ဈေးကွက်ဝေစု ၈၀ ရာခိုင်နှုန်း ပိုင်ဆိုင်ထားသည်။ အဆိုပါ လျှပ်စစ် မော်တော်ဆိုင်ကယ် မော်ဒယ်အသစ်ကို ဇန်နဝါရီ ၁၀ ရက်က ဗီယက်နမ်နိုင်ငံ၏မြို့တော် ဟန္နိုင်းတွင် ခမ်းနားစွာပွဲထုတ်ခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်အစိုးရသည် လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလာမှုကို ကိုင်တွယ်ဖြေရှင်းရန် ဇူလိုင်လမှစတင်ကာ ဟန္နိုင်းမြို့လယ်တွင် ဓာတ်ဆီအသုံးပြု ဆိုင်ကယ်များကို ပိတ်ပင်တော့မည်ဖြစ်သောကြောင့် ဟွန်ဒါမော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီက လျှပ်စစ်ဆိုင်ကယ်ကို စတင်အသုံးပြုသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် အဆိုပါ လျှပ်စစ်မော်တော်ဆိုင်ကယ်သည် တစ်နာရီလျှင် အမြင့်ဆုံးအမြန်ဆုံး ၈၀ ကီလိုမီတာဖြင့် မောင်းနှင်နိုင်ပြီး တစ်ကြိမ်အားအပြည့်သွင်းရုံဖြင့် ကီလိုမီတာ ၁၂၀ အထိ မောင်းနှင်နိုင်သည်ဟု ဆိုသည်။ လာမည့်ဇွန်လတွင် စတင်ရောင်းချသွားရန် စီစဉ်ထားကြောင်း သိရသည်။




ဟွန်ဒါကုမ္ပဏီသည် ဈေးနှုန်းသက်သာမှုရှိသော ပြည်တွင်းကုမ္ပဏီထုတ် မော်ဒယ်များနှင့် အခြားသောပြိုင်ဘက်များကြောင့် ဗီယက်နမ်နိုင်ငံတွင် ပြိုင်ဆိုင်မှုပြင်းထန်သော အခြေအနေနှင့် ရင်ဆိုင်ရနိုင်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မိုဘိုင်းဖုန်းအသုံးပြုသူ ၁၈၇ သန်းကျော်ရှိ

**ဒါကာ ဇန်နဝါရီ ၁၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကုန်အထိ မိုဘိုင်းဖုန်းအသုံးပြုသူ စုစုပေါင်းအရေအတွက်မှာ ၁၈၇ သန်းကျော်ရှိကြောင်း နိုင်ငံ၏ဆက်သွယ်ရေးအဖွဲ့အစည်းမှ မကြာသေးမီက ထုတ်ပြန်သည့် စာရင်းအချက်အလက်များအရ သိရသည်။

နိုဝင်ဘာလအတွင်း တောင်အာရှနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စာရင်းသွင်းထားသူအရေအတွက်မှာ ၁၈၇ ဒသမ ၀၆ သန်းရှိကြောင်း၊ လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မိုဘိုင်းကုမ္ပဏီလေးခုရှိပြီး ၎င်းတို့အနက် သုံးခုမှာ ပြည်ပကျော်ကြားနောက်ခံပြု ဆဲလ်ဖုန်းအော်ပရေတာများဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အီရန်နိုင်ငံအတွင်းသို့ တရားမဝင်ခိုးဝင်ရန် ကြိုးပမ်းသည့် အာဖဂန် ၅၀၇ ဦးကို ဖမ်းမိ

**ကဘူးလ် ဇန်နဝါရီ ၁၁**

အာဖဂန်နယ်ခြားစောင့်တပ်ဖွဲ့သည် လူကုန်ကူးရန် ကြိုးပမ်းမှုကို ကြားဖြတ်ဟန့်တားခဲ့ပြီး အိမ်နီးချင်းအီရန်နိုင်ငံသို့ခိုးဝင်ရန် ကြိုးပမ်းသည့် လူပေါင်း ၅၀၇ ဦးကို ဖမ်းဆီးခဲ့သည်ဟု ဇန်နဝါရီ ၁၀ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ကြေညာချက်တွင် အာဖဂန်နယ်ခြားစောင့်တပ်သည် နယ်စပ်လုံခြုံရေးအတွက် သေချာစွာစောင့်ကြပ်သွားမည်ဖြစ်ကြောင်း ပါဝင်သည်။ အီရန်နိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ နေရပ်ပြန်လာသည့် ဒုက္ခသည်များ ရာနှင့်ချီ၍ရှိသော်လည်း စစ်ပွဲအလွန်ကာလ အလုပ်လက်မဲ့အခြေအနေများနှင့် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ရန်အတွက် အီရန်နိုင်ငံအတွင်းသို့ နေ့စဉ်ခိုးဝင်နေကြသည်။

အာဖဂန်နစ္စတန်အစိုးရသည် လူကုန်ကူးမှုနှင့်တရားမဝင်နယ်စပ်ဖြတ်ကျော်မှုတို့ကို နှိမ်နင်းသွားမည်ဟု ကတိပြုထားသည်။ **ဆင်ဟွာ**

## ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလာမ္မာဘတ်ရှိ မင်္ဂလာဆောင်၌ပေါက်ကွဲမှုဖြစ်ပွားသဖြင့် ရှစ်ဦး သေဆုံး

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၁**

ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလာမ္မာဘတ်ရှိ မင်္ဂလာဆောင်အိမ်၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားသဖြင့် မင်္ဂလာဆောင်စုံတွဲ အပါအဝင် ရှစ်ဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိကြောင်း ဒေသတွင်းအာဏာပိုင်များက ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားသည်။

အဆိုပါပေါက်ကွဲမှုမှာ မင်္ဂလာပွဲကျင်းပနေသည့် လူနေအိမ်အဆောက်အအုံ တစ်ခုအတွင်း ဒေသစံတော်ချိန် နံနက် ၂ နာရီခန့်ကဖြစ်ပွားရာ အနီးအနားရှိ အဆောက်အအုံများ ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးဖြစ်သူ အာဖန်နာဝဇ်ဇ်မီမွန်က ပြောကြားသည်။

ယခုအချိန်အထိ အပျက်အစီးများအောက်မှ ပိတ်မိနေသူ ၁၉ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများကိုလည်း ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် အနီးအနားရှိ နေအိမ်လေးလုံးထက်မနည်း ထိခိုက်ခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။ ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို အသေးစိတ် စုံစမ်းစစ်ဆေးပြီးနောက် ဖော်ပြသွားမည်ဖြစ်ကြောင်း အာဏာပိုင်များ ပြောကြားသည်။ **ဆင်ဟွာ**



## တောင်အာဖရိကနိုင်ငံ၌ ဟက်တာ ၁၀၀၀၀၀ ကျော် မီးလောင်ကျွမ်းပြီး ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်း

**ကိတ်တောင်း ဇန်နဝါရီ ၁၁**

တောင်အာဖရိကနိုင်ငံ၏ ဝက်စတန်ကိပ်နှင့် အီစတန်ကိပ်ပြည်နယ်တို့၌ ဇန်နဝါရီ ၁၀ ရက်က တောမီးအများအပြား ဆက်လက်လောင်ကျွမ်းလျက်ရှိကြောင်း အာဏာပိုင်များက ပြောသည်။ ဝက်စတန်ကိပ်ပြည်နယ်တွင် ဟက်တာ ၁၀၀၀၀၀ ကျော် လောင်ကျွမ်းပြီးဖြစ်ကြောင်းနှင့် နောက်ထပ်ဘေးလွတ်ရာ ရွှေ့ပြောင်းရေးများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုများမှာ ဝက်စတန်ကိပ်ပြည်နယ်တစ်ခုလုံးအပြင် အိမ်နီးချင်း အီစတန်ကိပ်ပြည်နယ် ဒေသအများအပြားအထိ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ဝက်စတန်ကိပ်ပြည်နယ်ဝန်ကြီးချုပ် အလန်းဝင်ဒီက အများပြည်သူပိုင် ရုပ်သံလွှင့်ဌာန SABC သို့ ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ပြောသည်။

လက်ရှိအချိန်အထိ ထိခိုက်သေဆုံးမှုများနှင့်ပတ်သက်ပြီး အစီရင်ခံဖော်ပြထားခြင်း မရှိသေးပေ။ တောမီးထိန်းချုပ်နိုင်ရေးအတွက် စစ်ဘက်သုံး ရဟတ်ယာဉ်အပါအဝင် ရဟတ်ယာဉ်အများအပြားကို စေလွှတ်ထားကြောင်း ဝင်ဒီက ပြောသည်။ **ဆင်ဟွာ**

# ရွေးကောက်ပွဲ အပိုင်း(၂)၌ ပြည်သူများ ယုံကြည်ချက်အပြည့်ဖြင့် အေးချမ်းစွာ ဆန္ဒမဲပေးမှုမြင်ကွင်းများ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂)ကို ဇန်နဝါရီ ၁၁ ရက် နံနက် ၆ နာရီမှ စတင်ကာ တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်နယ်မြေများ၌ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲကို ယုံကြည်ချက်အပြည့်ဖြင့် အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြသည်။


ပန်းတောင်းမြို့နယ်
လပြည့်လင်း(ပြန်/ဆက်)


ဒေါပုံမြို့နယ်
ချစ်စုဝေ(ပြန်/ဆက်)


ဒိုက်ဦးမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကလောမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကာလိမြို့
ကာလိ(ပြန်/ဆက်)


ကျွန်းလှမြို့နယ်
မျိုးဝင်းညို(ကျွန်းလှ)


မင်းလှမြို့နယ်
ပေါက်စ(မင်းလှ)


မောက်မယ်မြို့နယ်
စိုင်းမျိုးသန့်(မောက်မယ်)


မြင်းမူမြို့
မြို့နယ်(ပြန်/ဆက်)


ရွှေပြည်သာမြို့နယ်
မြင့်သန်းကြည်(ရွှေပြည်သာ)


ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်
မြင့်မြင့်ရီ(ပြန်/ဆက်)


ပန်းတနော်မြို့
မြို့နယ်(ပြန်/ဆက်)


ပေါင်မြို့နယ်
မွန်မလေး(ပြန်/ဆက်)


ပြည်ကြီးတံခွန်မြို့နယ်
ဇင်မင်းမောင်(ပြန်/ဆက်)


စေတုတ္တရာမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဆီဆိုင်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဂန့်ဂေါမြို့နယ်
မောင်မျိုးမင်း


မိုင်းတုံမြို့နယ်
မြို့နယ်(ပြန်/ဆက်)

# ဆာဘယ်လင်ကာက ကော့စ်ယူခ်ကို အနိုင်ယူပြီး သုံးကြိမ်မြောက် ဘရစ္စဘိန်းဆုဖလား ဆွတ်ခူး

နာမည်ကြီး ဘယ်လာရုစ်တင်းနစ်မယ် အရှိုင်နာ ဆာဘယ်လင်ကာသည် ဘရစ္စဘိန်း အင်တာနေရှင်နယ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ယူကရိန်းတင်းနစ်မယ် မာတာကော့စ်ယူခ်ကို ၆-၄၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ သုံးကြိမ်မြောက် ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် ဆာဘယ်လင်ကာသည် ပြိုင်ပွဲတစ်လျှောက်တွင် ဘူစကာ၊ ဆိုရန်နာ၊ ကီးစ်၊ မူချိုဗာတို့ကို အနိုင်ယူကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာသူ ဖြစ်သည်။ ၎င်းသည် ဗိုလ်လုပွဲတွင်လည်း ပြိုင်ဘက်ကော့စ်ယူခ်ကို ထပ်မံအနိုင်ယူကျော်ဖြတ်ကာ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ ဆာဘယ်လင်ကာသည် ကော့စ်ယူခ်ကို အနိုင်ရရှိရန် ၇၉ မိနစ်ကြာ ယှဉ်ပြိုင်ကစားခဲ့ရကြောင်း သိရသည်။

ဆာဘယ်လင်ကာသည် ဘရစ္စဘိန်း အင်တာနေရှင်နယ်ပြိုင်ပွဲသို့ လေးကြိမ်ဆက် ဗိုလ်လုပွဲတက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ပြီး ယခင် ၂၀၂၅ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင်လည်း ဖလားဆွတ်ခူးထားနိုင်သည်။

ယခုအကြိမ် ဖလားဆွတ်ခူးနိုင်ခြင်းမှာ စက်တင်ဘာလက ယူအက်စ်အိုးပင်းပြိုင်ပွဲ၌ စတုတ္ထအကြိမ်မြောက် ဂရင်းဆလမ်းဖလား ဆွတ်ခူးရရှိပြီးနောက် ၂၂ လုံး မြောက်ရရှိသည့် WTA ဆုဖလား ဖြစ်သည်။

ဆာဘယ်လင်ကာသည် လာမည့်ဇန်နဝါရီ ၁၈ ရက်တွင် စတင်ကျင်းပတော့မည့် ဩစတြေးလျ အိုးပင်းပြိုင်ပွဲတွင်လည်း ဖလားဆွတ်ခူးရန် ရည်မှန်းထားသည်။





## လီဗာပူးခံစစ်ကစားသမား ဘရက်ဒလေ ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိ

လီဗာပူးအသင်း ခံစစ်ကစားသမား ကော်နာဘရက်ဒလေသည် ဒူးဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရတော့မည်ဖြစ်ကြောင်း သိရသည်။ အသက် ၂၂ နှစ်အရွယ် ဘရက်ဒလေသည် ဇန်နဝါရီ ၉ ရက်က အာဆင်နယ်ကို ဂိုးမရှိသရေကျခဲ့သော ပွဲစဉ်တွင် အဆိုပါ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ထို့အပြင် မြောက်အိုင်ယာလန်ခံစစ်ကစားသမား ဘရက်ဒလေသည် လာမည့် မတ် ၂၆ ရက်တွင် ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် နာမည်ကြီး အီတလီအသင်းနှင့်ပွဲစဉ်ကိုလည်း လွဲချော်ဖွယ်ရှိနေသည်။

ဘရက်ဒလေသည် လီဗာပူးအသင်းအတွက် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ၁၅ ပွဲ ပါဝင်ယှဉ်ပြိုင်ကစားထားပြီး ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ထားသည်။

## အက်ဖ်အေဖလား တတိယအဆင့်တွင် အက်စ်တွန်ဗီလာ၊ ချယ်ဆီးအသင်းတို့ နိုင်ပွဲရ

အက်ဖ်အေဖလားပြိုင်ပွဲ တတိယအဆင့်မှ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် စပါးနှင့် အက်စ်တွန်ဗီလာအသင်းပွဲစဉ်ကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အက်စ်တွန်ဗီလာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။

စပါးအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီး လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုနှင့်လည်း ကြုံတွေ့ခဲ့ရသည်။

အခြားနာမည်ကြီး ပွဲစဉ်ရလဒ်များတွင် ဘရစ္စတိုးက ဝက်ဖို့ဒ်ကို ငါးဂိုး-တစ်ဂိုး၊ ချယ်ဆီးက ချာလ်တန်ကို ငါးဂိုး-တစ်ဂိုး၊ လိဒ်စ်က ဒါဘီကို သုံးဂိုး-တစ်ဂိုး၊ ဘာမင်ဂမ်က ကမ်းဘရစ်ကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့ကြသည်။

■ မိုးဇက်-စုစည်းရေးသားသည်

## အီးအက်ဖ်အယ်ဖလား ဆီမီးဖိုင်နယ်

နယူးကာဆယ် - မန်စီးတီး
ချယ်ဆီး - အာဆင်နယ်

ဇန်နဝါရီ ၁၄ ရက်၊ ၁၅ ရက် နံနက်ပိုင်းမှာ အီးအက်ဖ်အယ်ဖလားပြိုင်ပွဲမှ ဆီမီးဖိုင်နယ်ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်ပွဲစဉ်တွေကို နှစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ကစားသွားမှာဖြစ်တာကြောင့် ပထမအကျော့မှာ ဘယ်အသင်းက အသာရယူသွားမလဲ လက်မလွှတ်တမ်း စောင့်ကြည့်ရမှာဖြစ်ပါတယ်။

# အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပထမအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

### ကာဆယ် VS မန်စီးတီး နံနက် ၂း၃၀



နယူးကာဆယ်က နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းထက်လာတယ်။ မန်စီးတီးက ကာဆယ်ထက် ခံစစ်တည်ငြိမ်ပြီး တိုက်စစ်ပိုင်းထက်မြက်တယ်။ မန်စီးတီးအသင်းက နယူးကာဆယ်အသင်းနဲ့ တွေ့ဆုံတိုင်း ခက်ခက်ခဲခဲ ကစားရလေ့ရှိတယ်။ နယူးကာဆယ်အိမ်ကွင်းမှာ တွေ့ဆုံခဲ့တဲ့ နောက်ဆုံးနှစ်ကြိမ်မှာ မန်စီးတီးအသင်း နိုင်ပွဲရယူထားခြင်း မရှိဘူး။ မည်သို့ပင်ဆိုစေ ခြေစွမ်းထက်တဲ့အသင်းထက် အခွင့်အရေးကို အသုံးချနိုင်တဲ့ ရလဒ်ကောင်းရဖွယ်ရှိတယ်။



■ စောင့်ကြည့်ရမယ့်ကစားသမား
ဘရူနို ဂူမာရက်စ်
ကွင်းလယ်တိုက်စစ်

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးနှစ်ပွဲရလဒ်**


| | | | |
|---|---|---|---|
| နယူးကာဆယ် | ၂-၁ | မန်စီးတီး | ပရီမီယာလိဂ် |
| မန်စီးတီး | ၄-၀ | နယူးကာဆယ် | ပရီမီယာလိဂ် |

■ စောင့်ကြည့်ရမယ့်ကစားသမား
အာလင်း ဟာလန်း
တိုက်စစ်

### ချယ်ဆီး VS အာဆင်နယ် နံနက် ၂း၃၀



အာဆင်နယ်က ဒီရာသီမှာ ခြေစွမ်းတည်ငြိမ်မှုရှိတယ်။ ချယ်ဆီးက နောက်ဆုံးခြောက်ပွဲမှာ တစ်ပွဲသာနိုင်ပွဲရတဲ့အထိ ခြေစွမ်းကောင်းမွန်မှုမရှိဘူး။ ဒါပေမယ့် အိမ်ကွင်း၊ အဝေးကွင်း စွမ်းဆောင်ရည် တည်ငြိမ်မှုရှိတယ်။ အာဆင်နယ်ရဲ့ တိုက်စစ်က အဝေးကွင်းမှာဆိုရင် ခက်ခက်ခဲခဲရုန်းကန်ရလေ့ရှိတယ်။ အာဆင်နယ်ရဲ့ခြေစွမ်း အတက်ဘက်မှာရှိတယ်ဆိုပေမယ့် စတန်းဖို့ဒ်ဘရစ်မှာ ချယ်ဆီးအသင်း ရလဒ်ကောင်းရယူသွားဖွယ်ရှိတယ်။



■ စောင့်ကြည့်ရမယ့်ကစားသမား
မွိုက်စ်ကိုင်စီဒို
ကွင်းလယ်တိုက်စစ်

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးနှစ်ပွဲရလဒ်**

| | | | |
|---|---|---|---|
| ချယ်ဆီး | ၁-၁ | မန်စီးတီး | ပရီမီယာလိဂ် |
| အာဆင်နယ် | ၁-၀ | ချယ်ဆီး | ပရီမီယာလိဂ် |

■ စောင့်ကြည့်ရမယ့်ကစားသမား
ဒက္ကလန်ရိုက်စ်
ဗဟိုကွင်းလယ်

## နောက်ဆုံးရ အားကစားသတင်းတိုများ

- ဘာစီလိုနာအသင်းသည် မန်ယူအသင်းကို အငှားချထားသည့် မားကပ်ရက်ဖို့ဒ် (၂၈ နှစ်) ကို အသင်းတွင် ဆက်လက်ထိန်းထားရန် ဆန္ဒရှိနေသည်။
- အာဆင်နယ်က နယူးကာဆယ်နှင့် အင်္ဂလန်ဗဟိုခံစစ်ကစားသမား လီဗရာမန်တို (၂၃ နှစ်) ကို ခေါ်ယူရန် စောင့်ကြည့်နေသည်။
- စပိန်လာလီဂါပွဲစဉ် (၁၉) အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် တန်းဆင်းဇုန်မှ ဗလင်စီယာနှင့် အယ်ချီအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေဖြင့် ပွဲပြီးဆုံးခဲ့သည်။ အဆိုပါရလဒ်ကြောင့် ဗလင်စီယာအသင်းသည် တန်းဆင်း ဇုန်အတွင်း ဆက်လက်ရပ်တည်နေသည်။ အခြားပွဲစဉ်ရလဒ်တွင် တစ်ယောက်လျော့ ဂျီရိုနာက အိုဆာဆူနာကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ တံတားဦးဘုန်းတော်ကြီးကျောင်းပေါ်တွင် အကြမ်းဖက်သမားများ သဲအိတ်များ/ကျောက်ခဲအိမ်များတင်ဆောင်၍ အခိုင်အမာခံစစ်ပြင်ဆင်ထားရှိမှုအား တွေ့ရစဉ်။



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ ပဒေသာဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းနှင့် ဘုရားစေတီများ၌ အကြမ်းဖက်သမားများက ဆက်သွယ်ရေးမြောင်းများတူး၍ သဲအိတ်ဘန်ကာများဖြင့် အခိုင်အမာခံစစ်ပြင်ဆင်ထားရှိမှုအား တွေ့ရစဉ်။

❒ ကျောဖုံးမှ

အထောက်အပံ့ကိုရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အလှမ်းကွာဝေးသည့်ဒေသများ၌ ဒေသခံလူထုအား အနိုင်ကျင့်ခြိမ်းခြောက်၍ ဘုရားစေတီပုထိုးများ၊ ကျေးရွာဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများနှင့် လူနေအိမ်များတွင် သဲအိတ်ဘန်ကာများ ဆောက်လုပ်ခြင်း၊ ပစ်ကျင်းများတူးခြင်း၊ ပတ်ဝန်းကျင်၌ လက်လုပ်မိုင်းအတားအဆီးများ ထောင်ထားခြင်းများနှင့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုအပေါ် ရက်စက်ယုတ်မာ၍ အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ လူသားတံတိုင်းအဖြစ် အသုံးချခြင်းတို့ကိုပါ လုပ်ဆောင်လျက်ရှိကြသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်သူအပေါ် ယုတ်မာရိုင်းစိုင်းစွာ အကြမ်းဖက်မှု လုပ်ရပ်များ လုပ်ဆောင်နေကြသည့် အကြမ်းဖက်သမားများအား တပ်မတော်က အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး(Counter–Torrorism Operation) ဖြင့် ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားသည့် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ နွယ်တမယ်ကျေးရွာအား ဇန်နဝါရီ ၁၀ ရက်တွင် တပ်မတော်က အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ထို့နောက် ဇန်နဝါရီ ၁၁ ရက်တွင် နွယ်တမယ်ကျေးရွာအား တပ်မတော်က နယ်မြေရှင်းလင်းမှုများဆောင်ရွက်ခဲ့ရာ ကျေးရွာအတွင်းမှ အကြမ်းဖက်သမားအလောင်းတစ်လောင်း၊ လက်ပစ်ဗုံးလေးလုံး၊ လက်လုပ်မိုင်း ၁၁ လုံး၊ ၄၀ မမ ဗုံးသီး နှစ်လုံး၊ ကျည်ကာအင်္ကျီ တစ်ထည်၊ ကျည်ကာဦးထုပ် ငါးလုံး၊ ပြောက်ကျားယူနီဖောင်းလေးစုံ၊ စကားပြောစက် သုံးလုံးနှင့် အကြမ်းဖက်တံဆိပ်ဘတ်တစ်စုံတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် အကြမ်းဖက်သမားများသည် ကျေးရွာရှိ ဘုရားစေတီပုထိုးများ၊ တံတားဦးဘုန်းတော်ကြီးကျောင်း၊ ပဒေသာဘုန်းတော်ကြီးကျောင်းနှင့် သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းခွဲနှင့် ဒေသခံပြည်သူများ၏ နေအိမ်များအတွင်းနှင့် ခြံဝင်းများအတွင်း၌အခြေပြု၍ ဘန်ကာများ၊ သဲအိတ်များ၊ ကတုတ်ကျင်းများဖြင့် အခိုင်အမာ ခံစစ်တည်ဆောက်ပြီး ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ တန်ဆောင်းများနှင့် စာသင်ကျောင်းများကို အကာအကွယ်ရယူ၍ ခုခံတိုက်ခိုက်ခြင်း၊ ကျေးရွာတံတားအား ဖောက်ခွဲဖျက်ဆီးပြီး အကာအကွယ်ပြုလုပ်ထားခြင်း၊ ဘုန်းတော်ကြီး ကျောင်းဝင်းများနှင့် ကျေးရွာလမ်းများ၌ လက်လုပ်မိုင်းများ ထောင်ထားခြင်းတို့ လုပ်ဆောင်ထားသည်ကို တွေ့ရှိခဲ့ရကြောင်းနှင့် ကျေးရွာအတွင်း၌ လက်လုပ်မိုင်းအန္တရာယ်ကင်းဝေးစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။





စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ ပြည်သူများ၏ခြံဝင်းအတွင်းနှင့် နေအိမ်များအား ဝင်ရောက်ဖျက်ဆီး၍ အခိုင်အမာခံစစ်ပြင်ဆင်ထားရှိမှုအား တွေ့ရစဉ်။



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ တံတားအား ဖျက်ဆီး၍ ခံစစ်ပြင်ဆင်ထားရှိမှုအား တွေ့ရစဉ်။



စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ ပဒေသာဘုန်းတော်ကြီးကျောင်းဝင်းတံခါးအား ခံစစ်ပြင်ဆင်မှုလုပ်ငန်းများတွင်အသုံးပြုရန် ဖျက်ဆီးထားရှိမှုအား တွေ့ရစဉ်။

အကြမ်းဖက်သမားများသည် နိုင်ငံတစ်နိုင်ငံအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍတို့ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်း၊ တံတားများနှင့် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများအား အဓိကထားဖောက်ခွဲဖျက်ဆီးခြင်း၊ အဆိုပါနေရာများသာမက ပြည်သူများအထွတ်အမြတ်ထားရာ ဘာသာတရားအသီးသီးအတွက် အလေးအမြတ်ထားရာ နေရာများဖြစ်သည့် ဘာသာရေးအဆောက်အအုံများအထိပါ ဘန်ကာများတည်ဆောက်၍ အကာအကွယ်အဖြစ် ခုခံတိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိရာ အဆိုပါအကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့သည့် ဒေသခံတိုင်းရင်းသားပြည်သူများကလည်း တပ်မတော်အပေါ် ယုံကြည်ကိုးစားမှု၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ ပြုလုပ်လာကြကြောင်းနှင့် တပ်မတော်အနေဖြင့်လည်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု၏ လူမှုဘဝ တိုးတက်မြင့်မားမှုများ ပြန်လည်ရရှိစေရေးအတွက် ပြည်သူလူထုနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာအား တိုက်ခိုက်သိမ်းပိုက်စဉ် ရန်သူ့ထံမှ သိမ်းပိုက်ရရှိသော လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။





စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ တံတားဦးဘုန်းတော်ကြီးကျောင်းတွင် အကြမ်းဖက်သမားများ ဆက်သွယ်ရေးမြောင်းများတူး၍ အခိုင်အမာခံစစ်ပြင်ဆင်ထားရှိမှုအား တွေ့ရစဉ်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၂

ဦးစိုင်းသိန်းညွန့် နှင့် ဦးထွဏ်းသဏ်း
တရားလို တရားပြိုင်

အမှတ် (၁၁၃)၊ အမှတ် (၁) ရပ်ကွက်၊ အကွက် (၄၂)၊ သစ်ပင်ထောင်ကျောင်း၊ အေးသာယာမြို့နေ ဦးထွဏ်းသဏ်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို ဦးစိုင်းသိန်းညွန့်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်လိုက်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်) မွန်းမတည့်မီ (၁၀:၀၀)အချိန် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန်းအေးမြသီရိ)
တွဲဖက်မြို့နယ်တရားသူကြီး (၁)
တောင်ကြီးမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၉၆

ဦးသန်းစိုးလှိုင် နှင့် တပ်သားမြင့်ဇော်
တရားလို တရားပြိုင်

အမှတ် (၄၁)၊ အမှတ် (၂)ရပ်ကွက်၊ အကွက် (၂၆)၊ ရေထွက်ဦးအနောက်၊ အေးသာယာမြို့နေ တပ်သားမြင့်ဇော်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို ဦးသန်းစိုးလှိုင်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်လိုက်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်) မွန်းမတည့်မီ (၁၀:၀၀) အချိန်တွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန်းအေးမြသီရိ)
တွဲဖက်မြို့နယ်တရားသူကြီး (၁)
တောင်ကြီးမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော် ၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၉၄

ဦးအောင်ကျော်မင်းထွန်း နှင့် နော်မာဂရက်သာမီး
တရားလို တရားပြိုင်

အမှတ်(၄၀)၊ အမှတ်(၂)ရပ်ကွက်၊ အကွက်(၂၆)၊ ရေထွက်ဦး အနောက်၊ အေးသာယာမြို့နေ နော်မာဂရက်သာမီး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို ဦးအောင်ကျော်မင်းထွန်းက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်လိုက်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်) မွန်းမတည့်မီ (၁၀:၀၀) အချိန် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန်းအေးမြသီရိ)
တွဲဖက်မြို့နယ်တရားသူကြီး (၁)
တောင်ကြီးမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ် (ဒ-၄၆၂၁)၊ မြေဧရိယာ ၀ ဒသမ ဝ၈၂ ဧကရှိ ဦးကျော်သန်း (ဘ) ဦးခ ၈/ရစက(နိုင်)၀၇၁၆၈၀ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးကျော်သန်း ထံမှ ပခုက္ကူမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၃/၂၀၂၃)၊ ၃-၁၀-၂၀၂၃ ရရှိထားသူ ဦးရန်နိုင်ထွန်း (ဘ)ဦးလှထွန်း ၉/လ၀န(နိုင်)၁၆၉၄၈၇ မှ ဒေါ်ဝင်းစန္ဒာဌေး (ဘ)ဦးဖိုးရွှေ ၅/ယမပ(နိုင်)၀၈၆၀၈၅ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၄၄၆)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်ခင်မြင့်ခိုင် (ဘ) ဦးခင်မောင်ရွှေ ၁၂/သဃက(နိုင်)၁၇၃၇၀၈ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်မြင့်ခိုင်မှ ဦးသန်းမြတ်ဇော်၊ ဒေါ်ဝတ်ရည်မိုး (ဘ) ဦးဌေးဝင်း၊ ဦးသောင်းနွယ် ၅/ဒပယ(နိုင်)၀၇၇၄၇၈၊ ၁၂/အစန(နိုင်)၁၉၁၈၁၇ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

